ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ (9-9-2003) (၃၉၈၈)

ဓမ္မစရိယာ စ
တော် မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

စာတတ်မြောက်ရေး အထိမ်းအမှတ်ပြခန်းများ ကြည့်ရှု

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

တစ်နိုင်ငံလုံး၏ ကျောင်းနေနှုန်း ၉၅ ဒသမ ၀၅ ရာခိုင်နှုန်းရှိလာပြီဖြစ်ရာ တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်
"အ" သုံးလုံးကျေးလုပ်ငန်းနှင့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်များ တစ်နိုင်ငံလုံး ဖြန့်ကြက်ကြိုးပမ်းနေ
မြန်မာနိုင်ငံသည် အာရှနှင့်ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်းမြင့်မားသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေပြီ

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမဦကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ဆရာအတတ်သင်ကောလိပ် ကျောင်းအုပ်ကြီးများ၊ ပြည်နယ်၊ တိုင်း ပညာရေးမှူးများ၊ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒



သံလွင်တံတား (မော်လမြိုင်)

သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး မုတ္တမဘက်ကမ်းလုပ်ငန်းတွင် ပင်မတံတားကြီး၌ သံမဏိသံပေါင်ကြီးများ တပ်ဆင်ထားသည်ကို မြစ်လယ်မှ ဤသို့ တွေ့ရသည်။ (ခရမ်းစိုးမြင့်၏သတင်းဆောင်းပါး-ကျောဖုံး) ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၉-၂၀၀၃
(အင်္ဂါနေ့)

ထုတ်ကုန်ပို့ကုန် ရည်မှန်းချက်များ ပြည့်မီရေး ကဏ္ဍအလိုက်လျာထားချက် ပြည့်မီကျော်လွန်ရန် ကြိုးပမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာလ ၅ရက်နေ့က ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာရှိ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း(သာပေါင်း)၊ ဝေန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၊ လှောင်အိမ်စနစ် ငါးမွေးမြူရေးစီမံကိန်း၊ ဧရာဝတီရေလုပ်ငန်းလီမိတက်၏ တန် ၇၅၀ အအေးခန်းစက်ရုံ၊ တစ်နာရီ ၁၀ တန်ကျ ငါးအစာတောင့်စက်ရုံနှင့် ပုသိမ်မြို့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်အတွင်း ပုသိမ်မြို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားရာတွင် **နိုင်ငံတော်က သတ်မှတ်ပေးထားသည့် ထုတ်ကုန်များ၊ ပို့ကုန်ရည်မှန်းချက်များ ပြည့်မီရေးအတွက် ပြည်နယ်ဒေသများကပါ မိမိတို့ကဏ္ဍအလိုက် လျာထားချက်များကို ပြည့်မီကျော်လွန်အောင် ကြိုးပမ်းပေးသွားကြရမည်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စပါးကျီ၊ နိုင်ငံတော်၏ ဝမ်းဗိုက်ဖြစ်၍ နိုင်ငံတော်၏ ရိက္ခာဖူလုံရေးအတွက် အဓိကဖြည့်ဆည်းပေးနေသော တိုင်းဖြစ်သည်။ နိုင်ငံတော်အပိုင်းကလည်း ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းသည် မြစ်ချောင်းများပေါများသဖြင့် ယခင်က သွားလာမှုခက်ခဲခဲ့သည့်အပြင် လုံခြုံမှုမရှိသဖြင့် ဒေသဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည်။ ယခုအခါ တိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လျက်ရှိသည်။ ပေ ၁၈၀ကျော် တံတားကြီးပေါင်း ၃၉စင်းနှင့် လမ်းအရှည် မိုင် ၈၀၀ကျော် တိုးတက်တည်ဆောက်ဖောက်လုပ်ပေးခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် မြို့တော်ရန်ကုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေး၊ လူမှုရေးများ မြင့်မားလာလျက်ရှိသည်။

ပညာရေးကဏ္ဍတွင် ပုသိမ်ဒီဂရီကောလိပ်နှင့် ဟသ်ာတကောလိပ်တို့ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။ ထို့အပြင် မအူပင်ဒေသသည် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုတွင် ပါဝင်သဖြင့် မအူပင်တက္ကသိုလ်၊ မအူပင်နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ခုတင် ၂၀၀ဆံ့ အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ထားရှိပြီဖြစ်သည်။ ပင်လယ်ပိုင်းဒေသရှိ ကျောင်းသား၊ ကျောင်းသူများ မိမိတို့ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာ သင်ယူနိုင်ကြပြီဖြစ်သည်။

ဧရာဝတီတိုင်းသည် ရေမြေရာသီဥတုကောင်းမွန်သဖြင့် စိုက်ပျိုးရေးဖြစ်ထွန်းသောဒေသဖြစ်သည်။ တိုင်းအတွင်း ဆည်တမံခုနစ်ခု၊ မြစ်ရေတင်စီမံကိန်း ၂၂ခုတို့ကို တည်ဆောက်ပေးထားရာ ရာသီမရွေး သီးနှံစုံ စိုက်ပျိုးနိုင်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

နိုင်ငံတော်က သတ်မှတ်ထားသည့် အဓိကသီးနှံ ၁၀ မျိုးဖြစ်သည့် စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်း၊ ဝါနှင့် ကြံတို့ကို တစ်ဧကအထွက်နှုန်း ရည်မှန်းချက်အတိုင်း ထွက်ရှိရေး ကြိုးပမ်းစိုက်ပျိုး ကြရမည်ဖြစ်သည်။ အစဉ်အလာအရ စိုက်ပျိုးဖြစ်ထွန်းသည့် ဂုန်လျှော်စိုက်ပျိုးရေးကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရန် လိုအပ်မည် ဖြစ်သည်။

ထို့အပြင် ဧရာဝတီတိုင်းသည် ကျယ်ပြောလှသည့် ပင်လယ်ပြင်ကြီးရှိသည့်အတွက် ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်းနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်သွားသင့်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် ထုတ်ကုန်၊ ပို့ကုန်များ ရည်မှန်းချက်ပြည့်မီစေရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်များ၏ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများအလိုက် ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များက စာအုပ်များပေးအပ်လှူဒါန်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း အလှူရှင်များက လှူဒါန်းသော စာအုပ်များကို လက်ခံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များက စာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း တက်ရောက်လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရေးဦးစွာ အလှူရှင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မရမ်းကုန်းမြို့နယ် စံပြသာသနာပြုကျောင်းတိုက်မှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လက ပြည်ပခရီးသွားစာပေ ထေရဝါဒခရီးဖော် စာအုပ်၊ ယဉ်ကျေးလိမ္မာ ကိုယ်ကျင့်မင်္ဂလာ၊ သာသနာတော်နှင့် သိမ်အကြောင်း သိကောင်းစရာ စသည့် သုတစာအုပ် ၂၂၅ အုပ်၊ မယ်နှင့်မောင် စာပေတိုက်မှ ဦးစည်သူဇေယျက လူတန်ဖိုးပြ ကံသရုပ်ခွဲပညာ၊ အတိတ်နိမိတ်ပညာ၊ မြို့တော်ဥပဒေ၊ ကံမြင့်ပညာ ရွှေယတြာစသည့် သုတစာအုပ် ၉၉၃ အုပ်၊ မြင့်မိုရ်ခေတ် ၁၀၀၀၀ ကုမ္ပဏီလီမိတက်မှ ဦးမြသိန်းက စာရေးဆရာ တက္ကသိုလ်တင်ခ ရေးသားသည့် သမိုင်းဝင် သမိုင်းတင်မည့် ချစ်ကြည်ရေး ခရီးစဉ်နှင့် အခြားသုတရသစာအုပ် ၉၆၆အုပ်၊ ဒေါ်ခင်ပြုံးရီ (ချို့ဆောက်လုပ်ရေး)က စာရေးဆရာချစ်နိုင်(စိတ်ပညာ) ဘာသာပြန်ဆိုသည့် သေနင်္ဂဗျူဟာ အတတ်ပညာ စာအုပ် ၂၅၀၊ ခေတ္တဂျပန်နိုင်ငံရောက် ဒေါ်ဝင်းပပက ဇာတ်တော်လာဆင်များ စာအုပ် ၁၅၀၊ ကျောက်တံတားမြို့နယ် ၃၉လမ်းမှ ဦးမြတ်လှဘော်က ဘဝတည်ဆောက်ခြင်းနှင့် ခိုင်မာသောဆုံးဖြတ်ချက်များ စာအုပ်၅၀၀၊ ထွန်းဝေအင်တာပရိုက်(စ်)မှ ဦးထွန်းရီက သင်၏ မိုးကုတ်စက်ဝိုင်းကို ချဲ့ထွင်ဖို့ရာ စာအုပ် ၁၁၅အုပ်နှင့် ရာစုသစ် ထောင်စုနှစ်မှာ စာအုပ် ၁၁၅ အုပ်၊ ဦးခင်မောင်ဦး (ကောင်းထက် စက်မှုလက်မှုလုပ်ငန်း)က သာလွန်လှပတဲ့ မနက်ဖြန် စာအုပ် ၇၁အုပ်၊ စစ်ကိုင်းမြို့ ကိုင်းတန်းရပ်ကွက်မှ ဦးဝမ်းအောင်က သာလွန်လှပတဲ့ မနက်ဖြန် စာအုပ် ၇၀၊ ခေတ္တဂျပန်နိုင်ငံရောက် ဒါရိုက်တာ သီဟကျော်စိုးက ဥပမိရုပ်စာအုပ် ၁၀၀၊ ဂျပန်နိုင်ငံရောက် ဦးဘိုဘိုသန်း-ဒေါ်ကေသီဆန်းက ပန်းလိုချင် အပင်ကိုပျိုးတတ်မှ စာအုပ် ၁၀၀၊ ခေတ္တ ဂျပန်နိုင်ငံရောက် ဦးထွန်းထွဋ် (ဂိုးဂျင်အားကစားကုမ္ပဏီ)က အချစ်အိမ်ကလေး တည်ဆောက်မယ် စာအုပ် ၁၀၀၊ ခေတ္တ ဂျပန်နိုင်ငံရောက် ဦးမိုးအောင်ဒွေး- ဒေါ်နီလာတို့က ကျော်စွာ ၁၀၀ (တတိယတွဲ)စာအုပ် ၁၀၀၊ ဂျပန်နိုင်ငံရောက် ဦးစိုးအောင်က ကျော်စွာ ၁၀၀(ဒုတိယတွဲ) စာအုပ်၁၀၀၊ တိုက်ကြီးမြို့မှ ဦးအောင်ဇင်က သင်၏ မိုးကုတ်စက်ဝိုင်းကို ချဲ့ထွင်ဖို့ရာ စာအုပ် ၁၀၀၊ မရမ်းကုန်းမြို့နယ်နေ မြန်မာ့နေရောင်ခြည် ဝန်ဆောင်မှုကုမ္ပဏီ မန်နေဂျာ ဦးဝင်းမြင့်က ဝယ်သူ့စိတ်ကြိုက်ဂျာနယ်စာအုပ် ၂၅၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ကျေးဇူးတင်စကား ပြောကြားပြီး လှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ယနေ့လှူဒါန်းသော စာအုပ်စုစုပေါင်းမှာ သုတစာအုပ် ၄၀၅၅ အုပ်၊ ဂျာနယ် ၂၅၀ ဖြစ်ပြီး တန်ဖိုးငွေစုစုပေါင်း ကျပ် ၁၆၈၀၂၄၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဝံသာနုသတင်းလွှာ ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၈

အနာဂတ်နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ်ခုနစ်ရပ်(မြန်မာနိုင်ငံ၏ Road Map)ကို ၂၀၀၃ခုနှစ် ဩဂုတ် ၃၀ရက်က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လမ်းညွှန်မိန့်ကြားနေသော မျက်နှာဖုံးသတင်းပုံရိပ်ဖြင့်"ဝံသာနု"သတင်းလွှာ အတွဲ(၁၂) အမှတ်(၁၈)ကို ထုတ်ဝေထားသည်။ **(အပေါ်ပုံ)**

"ဝံသာနု" သတင်းလွှာတွင် သဲသောင်ပြင်အောက်မှ ရှေးဟောင်းဘုရားဆင်းတုတော်များ၊ ကျွန်းသစ်မှောင်ခိုခိုးထုတ်သူများအားဖမ်းဆီး၊ မဲဆောက်မြို့ သိုးမွေးစက်ရုံမှ မြန်မာမိန်းကလေးတစ်ဦး၏ ကံကြမ္မာ၊ နိုင်ငံခြားဘောလုံးပွဲလောင်းကစားသူများအား အရေးယူစသော ပြည်တွင်းသတင်းများနှင့် နိုင်ငံခြားသတင်းများ အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၈

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံ ပြိုင်ပွဲကို ၂၀၀၃ခုနှစ်အတွက် (၁၄)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသောခေါင်းစဉ်မှာ "ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု" ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်လိုသူများသည် ၁၀ X ၁၂ လက်မထက် မငယ်သော အရွယ်အစားဖြင့် Printပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့် အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများကို ပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရာတွင် ဒီဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးထားသောပုံများကို လက်ခံမည်မဟုတ်ပါ။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄၊ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၃ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို ၂၀၀၃ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✻ မြှောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

ဒေးဗစ်ကယ်လီကိစ္စကြောင့် တိုနီဘလဲထွက်ပေးသင့် ဗြိတိန်လူထုသဘောထားကောက်ယူရာ၌ဖော်ပြ

လန်ဒန် စက်တင်ဘာ ၈

ဗြိတိန်အစိုးရက အီရတ်စစ်ပွဲတွင် ပါဝင်တိုက်ခိုက်နိုင်စေရန် အီရတ်၏ ပြင်းထန်သောလက်နက်များနှင့် ပတ်သက်သော သတင်းကိစ္စကြောင့် ဗြိတိသျှလက်နက်ကျွမ်းကျင်သူတစ်ဦး ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သည့်အဖြစ် ပေါ်ပေါက်ခဲ့သည်။ ထိုကိစ္စကြောင့် လူထုကအစိုးရအပေါ် ဒေါသ ထွက်နေသည်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ လူထုသဘောထားကောက်ခံလေ့လာရာ ဗြိတိန်ဝန်ကြီးချုပ်တိုနီ ဘလဲသည် အမှုကိစ္စတွင် ၎င်းနှင့်ပတ်သက်မှုရှိနေသောကိစ္စကြောင့် ရာထူးမှနုတ်ထွက်သင့်ကြောင်း ဆန္ဒပေးခဲ့ကြသည်ကို တွေ့ရသည်။

မေးလ်တနင်္ဂနွေသတင်းစာက ဗြိတိန်လက်နက်ကျွမ်းကျင်သူ သေဆုံးရသည့်ကိစ္စနှင့် ဆက်စပ်နေသော ဝန်ကြီးချုပ်ဘလဲအပေါ် လူထုသဘောထား ကောက်ခံခဲ့ရာ ၄၃ ရာခိုင်နှုန်းက ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်သင့်ကြောင်း သဘောထားပေးကြသည်။ ၄၂ ရာခိုင်နှုန်းက ရာထူးမှာဆက်လက်နေသင့်ကြောင်း သဘောထားပေးပြီး ၁၅ ရာခိုင်နှုန်းကမူ မဆုံးဖြတ်နိုင်ဘဲရှိကြသည်ဟုဆိုသည်။

ဆန့်ကျင်သဘောထား

လက်နက်ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီသေဆုံးရသောအမှုကို စုံစမ်းနေသည့် တရားသူကြီးလောဒ်ဟက်တန်ခေါင်းဆောင်သော စုံစမ်းရေးအဖွဲ့သည် ကြားနာမှုကို ၁၀ ရက်တာမျှ ရပ်နားထားလိုက်သည်။ ထိုသို့ ရပ်နားခြင်းမှာ အမှုကိုပြန်လည်လေ့လာပြီး မည်သည့်သက်သေများကို တစ်ကြိမ်ထပ်မံခေါ်ယူ၍ ပြန်လှန်မေးခွန်းများမေးသင့်ကြောင်း ဆုံးဖြတ်နိုင်ရန်ဖြစ်သည်။ စုံစမ်းရေးအဖွဲ့က ကြားနာမှုရပ်စဲအပြီး နောက်တစ်နေ့တွင် ပြုလုပ်သော "အစိုးရအပေါ် သင့်သဘောထား"ဟု အမည်ပေးထားသော လူထုအမြင်လေ့လာချက်တွင် ပထမဦးဆုံးအကြိမ် အဖြစ် မဲဆန္ဒရှင်များက ဘလဲအပေါ် ဆန့်ကျင်သောသဘောထားများ ပြသလာကြခြင်းဖြစ်သည်။

လေဘာအစိုးရအဖွဲ့၏ အခြေခိုင်လှသော ဝန်ကြီးချုပ်ဘလဲသည် ဗြိတိန်လွှတ်တော်၌လည်း အများစု၏ ထောက်ခံမှုကိုရထားသော မယိမ်းမယိုင်နိုင်သော ခေါင်းဆောင်အဖြစ် မှတ်ယူထားကြသည်။ ယခု လူထုသဘောထားကောက်ခံချက်၏ အဖြေသည် ဝန်ကြီးချုပ်၏ အနေအထားကို အထိနာစေသည်ဟုဆိုသည်။အီရတ်သမ္မတဆက်ဒမ်အား ဖြုတ်ချရန်ဆင်နွှဲသောစစ်ပွဲ စတင်သည့်အချိန်မှစ၍ ဝန်ကြီးချုပ်ဘလဲအပေါ် လူထုယုံကြည်မှု ကျဆင်းလာသည်ကို တွေ့ရသည်။ ထိုအပြင် ပြည်တွင်း၌လည်း ၎င်း၏ပညာရေး၊ ကျန်းမာရေးနှင့် ရာဇဝတ်မှုဆိုင်ရာမူဝါဒများကို မကျေနပ်သဖြင့် ကျယ်ကျယ်လောင်လောင်ဆေဖန်ပြစ်တင်ခံနေသော အဖြစ်များနှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။

ချဲ့ကားဖော်ပြ

ဘီဘီစီသတင်းဌာနက ဘလဲအစိုးရသည် အီရတ်သို့ စစ်တိုက်နိုင်စေရန်အတွက် အီရတ်နိုင်ငံ၏ အန္တရာယ်ပေးနိုင်သော အနေအထားကို အမှန်ထက်ချဲ့ကား၍ ဖော်ပြခဲ့သည်ဟု သတင်းရေးခဲ့သည်။ ထိုသတင်းမှာ လက်နက်ကျွမ်းကျင်သူ ကယ်လီထံမှရသော သတင်းဖြစ်ကြောင်း အစိုးရပိုင်းမှ ကယ်လီ၏အမည်ကို ပေါက်ကြားစေခဲ့သည်။ အဆိုပါကိစ္စကြောင့် ကယ်လီကို လွှတ်တော်ကော်မတီက မစာမနာပြစ်တင်ဝေဖန်ခဲ့သည်။ နောက်နှစ်ရက်အကြာတွင် လက်ကောက်ဝတ်တွင် ဓားရှရာဖြင့် ကယ်လီသေဆုံးနေသည်ကို တွေ့ခဲ့ကြရခြင်း ဖြစ်သည်။

အင်တာနက်။

အမေရိကန်စစ်ယာဉ် လက်ပစ်ဗုံးဖြင့်တိုက်ခံရ

မိုဆူးလ် စက်တင်ဘာ ၇

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် စနေနေ့က မော်တော်ဆိုင်ကယ်စီးလာသူတစ်ဦးက အမေရိကန်စစ်ဘက်ယာဉ်တစ်စီးကို လက်ပစ်ဗုံးဖြင့်ပစ်သွင်းခဲ့ရာ အမေရိကန်တပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ၎င်းတိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အီရတ်သို့ နိုင်ငံတကာတပ်ပေါင်းစုံစေလွှတ်ရေး အမေရိကန်တို့၏ အဆိုပြုချက် မူကြမ်းကို ဆုံးဖြတ်ချက်ချရန် ဆွေးနွေးနေချိန်နှင့် တိုက်ဆိုင်နေကြောင်း သိရသည်။ *စီအက်ဖ်အိုင်။*

စက်တင်ဘာ ၆ ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် မိုင် ၂၅၀ အကွာ မိုဆူးလ်မြို့လယ်တွင် လမ်းဘေး၌ ထောင်ထားသည့် ဗုံးကို နင်းမိသွားသည့်အတွက် ပျက်စီးနေသည့် အမေရိကန်ဟမ်းဗီးစစ်ကား တစ်စီးအား တွေ့ရစဉ်။ (မွန်းတည့်ချိန်တွင် ဖြစ်ပွားသည့် ယင်းဖြစ်ရပ်၌ ကားမောင်းသူမှာ ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်း၌ တိုက်ခိုက်မှုများဖြစ်ပွား အမေရိကန်စစ်သားခုနစ်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၇

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ သီးခြားနေရာများ၌ ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အမေရိကန် စစ်သားခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန် စစ်ဘက်သတင်းများက ဖော်ပြသည်။

ကာရာရာရ်အရပ်အနီးတွင် ဒုံးပစ်လောင်ချာဖုံးသီးနှစ်လုံး၊ လက်လုပ်ဗုံးလေးလုံးနှင့် အခြားလက်နက်ငယ်များဖြင့် အမေရိကန်စစ်ယာဉ်တန်းကို စက်တင်ဘာ ၅ ရက်က ချုံခိုတိုက်ခိုက်ကြရာ အမှတ်(၁၀၁) လေကြောင်းချီတပ်မမှ စစ်သားလေးဦး ဒဏ်ရာရရှိသွားကြောင်း တနင်္ဂနွေနေ့က စစ်ဘက်မှထုတ်ပြန်သော သတင်းအရသိရသည်။ ကာရာရာရ်အရပ်သည် ရေနံကြွယ်ဝသော မြောက်ပိုင်း မိုဆူးလ်မြို့အနီးတွင် တည်ရှိသည်။

ဆက်ဒမ်၏ ဇာတိမြို့ဖြစ်သော တီကရစ်မြို့အနီးတွင် အမျိုးအမည်မသိ တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် ပြီးခဲ့သောသောကြာနေ့က အမေရိကန်စစ်သားနှစ်ဦး ဒဏ်ရာရရှိသွားသည်။တစ်ချိန်တည်းမှာပင်အီရတ်နိုင်ငံမြောက်ပိုင်း မူဒါဒီယာအရပ်တွင် အမေရိကန်စစ်ယာဉ်တန်းကို လက်နက်ငယ်များ၊ လက်လုပ်ဗုံးတို့ဖြင့် တိုက်ခိုက်ရာ အမေရိကန်စစ်သားတစ်ဦး ဒဏ်ရာရသွားသည်ဟု ဆိုသည်။ ထိုထိခိုက်မှုများနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို ထပ်မံမသိရသေးပေ။

ကာရာရာရ်ဒေသရှိ ဒီဇယ်ဆီပိုက်လိုင်းတွင်ထောင်ထားသော မိုင်းဗုံးတစ်လုံးကို ကြည်းတပ်ဗုံးကျွမ်းကျင်သူများက စနက်တံဖြုတ်နိုင်ခဲ့သည်ဟု ဆိုသည်။ အီရတ်တွင် နေ့စဉ်ဖြစ်ပွားနေသောတိုက်ခိုက်မှုများသည် ဆက်ဒမ်အပေါ် သစ္စာရှိသူများနှင့် အခြားအမေရိကန်ဆန့်ကျင်ရေးသမားများ၏ လက်ချက်ဖြစ်သည်ဟုဆိုသည်။

အင်တာနက်။

လက်နက်ဖြုတ်သိမ်းထားသည့် အီရတ်ပြည်သူ့စစ်များ အီရတ်တွင် ပြန်လည်ပေါ်ပေါက်လာသည်ကို တွေ့နိုင်

နာဂျက်ဖ် စက်တင်ဘာ ၇

အမေရိကန်တို့ တားမြစ်ဖျက်သိမ်းထားသည့် အစ္စလာမ္မစ်ပြည်သူ့စစ်များသည် အီရတ်နိုင်ငံ၏ ရှီးယားမွတ်စလင်တို့ အမြတ်ဆုံးမြို့နာဂျက်ဖ်တွင် လက်နက်များ၊ ယူနီဖောင်းများ ဝတ်လျက် ပြန်ပေါ်လာသည်။ ယင်းမှာ နာဂျက်ဖ်မြို့အနေဖြင့် အဓိကဘာသာရေးခေါင်းဆောင်တစ်ဦး လုပ်ကြံသတ်ဖြတ်မှု၏ နောက်ဆက်တွဲအဖြစ် ပေါက်ကွဲလုနီးပါး အခြေအနေသစ်တစ်ရပ်ဖြစ်လာနိုင်သည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

ထုတ်ဖော်ပြောကြား

သို့သော် အီရတ်နိုင်ငံ အမေရိကန်အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက နာဂျက်ဖ်မြို့မှ လက်နက်ကိုင်များမှာ ညွန့်ပေါင်းယာယီအုပ်ချုပ်ရေးအဖွဲ့၏ အပြည့်အဝ သဘောတူညီမှုနှင့် အမေရိကန်ဦးဆောင်သည့် တပ်များ၏ ပူးပေါင်းဆောင်ရွက်မှုများရရှိကြောင်း စနေနေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုအတောအတွင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်သည် ရှေးဟောင်း ဘောဘီလုံမြို့ပျက်သို့ သွားရောက်ပြီး အနီးအနားရှိ လူအစုအပြုံလိုက် သတ်ဖြတ်မြှုပ်နှံထားသည့် သုသာန်သို့ သွားရောက်လေ့လာလျက် အီရတ်နိုင်ငံတွင်း စုံစမ်းစစ်ဆေးရေးခရီးစဉ်ကို ဆက်လျက်ရှိသည်။

အမိန့်ထုတ်ခဲ့

နာဂျက်ဖ်မြို့မှ ပြည်သူ့စစ်များမှာ အီရတ် အစ္စလာမ္မစ်တော်လှန်ရေးဦးစီးကောင်စီ၏ လက်နက်ကိုင်အဖွဲ့ဖြစ်ပြီး ယင်းအဖွဲ့ကို လွှန်ခဲ့သည့် ငါးလက ဘဂ္ဂဒက်မြို့တော်ကျပြီးနောက် မကြာမီမှာပင် အမေရိကန်တပ်များက လက်နက်ဖျက်သိမ်းရန် အမိန့်ထုတ်ခဲ့သည်။

ယာယီကူညီနေ

နာဂျက်ဖ်မြို့ရှိ ဘာသာရေးမဖက်လောကီသက်သက် အာဏာပိုင်များနှင့် ဘာသာရေး ခေါင်းဆောင်များ၏ မေတ္တာရပ်ခံချက်ဖြင့် ဘာသာရေးအထွတ်အမြတ်နေရာများ လုံခြုံရေးအတွက် အစ္စလာမ္မစ်ပြည်သူ့စစ်များက ယာယီ ကူညီနေခြင်းဖြစ်ကြောင်း သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ပေါလ်ဘရီမာက ပြောကြားလိုက်သည်။ *အင်တာနက်။*

အနိုင်ရရှိ

ကမ္ဘာ့ စူပါမစ်ဒယ်ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်က အီဖွတ်မြို့၌ ကျင်းပရာ ဂျာမနီမှ ဆနင်အော့ကီး(ဝဲ)နှင့် ဒိန်းမတ်မှ မက်ဒီလာဆင်တို့ ထိုးသတ်နေစဉ်။ (ယင်းပွဲတွင် အော့ကီးက အမှတ်ဖြင့် အနိုင်ရရှိသည်။)

(ဓာတ်ပုံ-အင်တာနက်။)

ပြင်သစ်တောင်ပိုင်းတောမီး ငြိမ်းသတ်နိုင်

ပါရီ စက်တင်ဘာ ၈

ပြင်သစ်နိုင်ငံတောင်ပိုင်း မောရက်စ်တောင်တန်းများတွင် မီးသတ်သမားသုံးဦးသေဆုံးခဲ့ရသော တောမီးအကြီးအကျယ်လောင်ကျွမ်းမှုကို မိုးရွာသွန်းပြီးနောက် သောကြာနေ့မွန်းလွဲပိုင်းတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း ပြင်သစ်ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။

ညနေအစောပိုင်းတွင် မီးကိုငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးသတ်ကားအားလုံးနီးပါးကို ရုပ်သိမ်းသွားခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

တနင်္ဂနွေနေ့နံနက်က တောမီးလောင်ကျွမ်းခဲ့ချိန်နောက်ပိုင်း သစ်တောဟက်တာ ၄၅၀၀ ပျက်စီးခဲ့ရသည်။ ရက်သတ္တတစ်ပတ်လုံး တောက်လောင်ခဲ့သည့် တောမီးကို မီးသတ်ကား ၂၀၀၀ကျော်က ငြိမ်းသတ်ခဲ့ရသည်။

တနင်္လာနေ့နှောင်းပိုင်းက မီးသတ်ကားအတွင်း၌ မီးသတ်သမားသုံးဦးမှာ မီးလောင် သေဆုံးခဲ့သည်။ အဆိုပါမီးသတ်ကားမှာ ရုတ်တရက်ဆိုသလို လေတိုက်ခတ်မှုကြောင့် မီးတောက်မီးလျှံများ ဝိုင်းရံပိတ်ဆို့ခံခဲ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နှစ်ရှည်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်

နယူးဒေလီ စက်တင်ဘာ ၇

လာအိုနိုင်ငံတွင် လာမည့်နှစ်၌ကျင်းပမည့် အိန္ဒိယ-အာဆီယံထိပ်သီးညီလာခံတွင် "မြင်ကွင်း၂၀၀၂"အမည်ရှိ နှစ်ရှည်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တစ်ရပ်ကို အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ရေးဆွဲရန် အိန္ဒိယနိုင်ငံက စီစဉ်လျက်ရှိကြောင်း ဒေသခံမီဒီယာသတင်းဌာနက ဖော်ပြသည်။ အိန္ဒိယနိုင်ငံက အာဆီယံနှင့် ၂၀၀၁ခုနှစ်တွင် လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ရရှိရန် စီစဉ်လျက်ရှိကြောင်း နယူးဒေလီတွင်ကျင်းပသည့် ဒုတိယအကြိမ်မြောက် အိန္ဒိယ-အာဆီယံစီးပွားရေးလုပ်ငန်း ထိပ်သီးညီလာခံတွင် ပြည်ပနိုင်ငံခြားရေးဝန်ကြီးဌာနမှ ရာဂျဆစ်ကရီက ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

အီရတ်နိုင်ငံအား သွေးကွဲစေရန် အမေရိကန်ကြိုးပမ်းနေ ဆွန်နီမွတ်စလင်ဘာသာရေးခေါင်းဆောင်တစ်ဦး စွပ်စွဲ

ဘဂ္ဂဒက် စက်တင်ဘာ ၈

အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံအား သွေးကွဲစေရန်အတွက် အီရတ် ရှီးယားမွတ်စလင်များနှင့် ဆွန်နီမွတ်စလင်များကြား တို့မီးရှို့မီးလုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း အများပြည်သူလေးစားခံရသည့် ဆွန်နီဘာသာရေးခေါင်းဆောင်တစ်ဦးက တနင်္ဂနွေနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

ပျက်ပြားခဲ့ရ

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံသားအချင်းချင်း ဂိုဏ်းဂဏဆန်ဆန်တိုက်ခိုက်မှု အရှိန်မြှင့်ပေးရန် လိုလားလျက်ရှိကြကြောင်း၊ သို့ရာတွင် ယင်းသို့လုပ်နိုင်စွမ်းမရှိဘဲ ပျက်ပြားခဲ့ရကြောင်း မွတ်စလင်ဘာသာရေးခေါင်းဆောင်များအဖွဲ့မှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ် ဆလင်အယ်လ်ကူဘေစီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လမ်းစဉ်မှားယွင်း

အီရတ်နိုင်ငံသားအချင်းချင်း ဂိုဏ်းဂဏတိုက်ပွဲများဖြစ်စေရန် အပေးအယူလုပ်နေသည့် ရန်သူများနှင့် ကျူးကျော်သိမ်းပိုက်ရေးသမားများ၏ လမ်းစဉ်မှာ မှားယွင်းကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်ရှိ ဗလီအား တိုက်ခိုက်မှုသည် သီးခြားဖြစ်ရပ်ဖြစ်ကြောင်း၊ သို့သော် ၎င်းဖြစ်ရပ်၏ နောက်ကွယ်မှ မည်သူကြိုးကိုင်သည်ကို ကွဲကွဲပြားပြားဖော်ပြနိုင်ခြင်းမရှိသေးကြောင်း ကူဘေစီက ပြောကြားသည်။

စိတ်အားထက်သန်မှုမရှိ

မြင့်မြတ်သည့် ဘာသာရေးမြို့ နာဂျက်ဖ်တွင် လွန်ခဲ့သည့်လက ဟာကင်မ်အား သတ်ဖြတ်မှုတွင် အီရတ်နိုင်ငံသား မွတ်စလင်အချင်းချင်း သပ်လျှိုသည့် အလုပ်ကိုလုပ်ရန် ဆွန်နီမွတ်စလင်များက စိတ်အားထက်သန်မှုမရှိကြကြောင်း ကူဘေစီက ဆက်လက်ပြောကြားသည်။

အမေရိကန်ဦးဆောင်သည့် တပ်သားများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုရည်မှန်းချက်များအား ငြိမ်းချမ်းသောနည်းဖြင့် တွန်းလှန်ကြရန် ကူဘေစီက တိုက်တွန်းနှိုးဆော်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် စက်တင်ဘာ ၆ ရက်က လမ်းဘေးဗုံးထောင်မှုကြောင့် အမေရိကန် ဟမ်းဗီး စစ်ကားမှ တပ်သားတစ်ဦး ဒဏ်ရာ ရရှိခဲ့ပြီးနောက် အမေရိကန်တပ်သားများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံသားနှစ်ဦးအား ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာသတင်းများ

နာဂျက်ဖ်မြို့တွင်း ပြည်သူ့စစ် ကင်းလှည့်မှု အမေရိကန် လက်ခံသဘောတူ

နာဂျက်ဖ် စက်တင်ဘာ ၇

တစ်ချိန်က ဖျက်သိမ်းခံလိုက်ရသည့် အစ္စလမ္မစ်အုပ်စုတစ်စု၏ လက်ပတ်များကို ဝတ်ဆင်လျက် တိုက်ခိုက်ရေးသေနတ်များကို ကိုင်ဆောင်ထားကြသည့် ပြည်သူ့စစ်များသည် အီရတ်နိုင်ငံမှ ရှီးယားမွတ်စလင်တို့၏ အထွတ်အမြတ်မြို့ဖြစ်သည့် နာဂျက်ဖ်မြို့တွင်းတွင် စနေနေ့က ကင်းလှည့်လျက်ရှိသည်။ အဓိကရ ရှီးယားခေါင်းဆောင်တစ်ဦးကို ဗုံးခွဲလုပ်ကြံခံခဲ့ရပြီးနောက် ရက်သတ္တပတ်အကြာတွင် ပြည်သူ့စစ်များက ယင်းသို့ ကင်းလှည့်စောင့်ကြပ်နေကြခြင်းဖြစ်သည်။ ဗုံးခွဲလုပ်ကြံမှုနှင့် စပ်လျဉ်း၍ သေဆုံးသူ ဘာသာရေးခေါင်းဆောင် အယာတိုလာမိုဟာမက် အယ်ဟာခင်မ်၏ နောက်လိုက်များက လုံခြုံမှုမပေးနိုင်သည့် အမေရိကန်တပ်များအား ပြစ်တင်ပြောဆိုကြသည်။

အီရတ်ရှိ အမေရိကန်အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက အဆိုပါ လက်နက်ကိုင် ကင်းလှည့်သည့် အီရတ်များမှာ အမေရိကန်တပ်များ၏ သဘောတူညီမှုရရှိထားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည့်အတွက် ယင်းမှာ ယာယီဖြစ်ကောင်းဖြစ်မည်ဆိုသော်လည်း မူဝါဒသဘောထား အကြီးအကျယ် ပြောင်းခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။

အင်တာနက်။

အီရတ် ညီအစ်ကိုနှစ်ဦး သူလျှိုမှုဖြင့် စွဲချက်တင်

နယူးယောက် စက်တင်ဘာ ၇

အမေရိကန် ပြည်ထောင်စုတွင် နေထိုင်လျက်ရှိသော အီရတ်လူမျိုး ပြည်ပြေးများနှင့်ပတ်သက်၍ အီရတ်ထောက်လှမ်းရေးတာဝန်ရှိသူများထံ တိတ်တဆိတ် သတင်းပေးခဲ့သည်ဆိုသော စွပ်စွဲချက်များဖြင့် အီရတ်လူမျိုး သံတမန်တစ်ဦး၏ ဒုတိယမြောက်သားတစ်ဦးကို အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စွဲချက်တင်လိုက်ကြောင်း ဖက်ဒရယ်အစိုးရရှေ့နေများက သောကြာနေ့တွင် ပြောကြားကြသည်။

အသက် ၂၄ နှစ်အရွယ်ရှိ ဝီဆမ်နိုမန်အယ်လ် – အင်ဘူကီဆိုသူကို စွဲချက်တင်လိုက်ခြင်းဖြစ်ပြီး ၎င်း၏ အစ်ကိုဖြစ်သူ အသက် ၂၉ နှစ်အရွယ်ရှိ ရေယက်ရိုမန်အယ်လ်–အင်ဘူကီနှင့်အတူ ရုံးတင်စစ်ဆေးသွားမည် ဖြစ်ကြောင်း အစိုးရရှေ့နေများက ပြောကြားကြသည်။ အစ်ကိုဖြစ်သူသည် ဧပြီလက အလားတူ စွဲချက်ဖြင့် စွဲချက်တင်ခံခဲ့ရသည်။ အဆိုပါ ညီအစ်ကိုနှစ်ဦးသည် နယူးယောက်မြို့ရှိ မင်ဟက်တန် ဖက်ဒရယ် တရားရုံးတော်တွင် ရုံးထုတ်ခံခဲ့ရပြီး ၎င်းတို့အနေဖြင့် အပြစ်မရှိပါဟု သောကြာနေ့က ထွက်ဆိုခဲ့ကြသည်။

အဆိုပါ ညီအစ်ကိုနှစ်ဦးသည် ကုလသမဂ္ဂဆိုင်ရာ အီရတ်သံတမန် မစ်ရှင်အဖွဲ့တွင် ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁ ရက်အထိ ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သွားသော ရိုကန်အယ်လ်–အင်ဘူကီ၏ သားများဖြစ်ကြသည်။ အီရတ်ဆိုင်ရာ ဒုတိယအမြဲတမ်း ကိုယ်စားလှယ်သည် ကုလသမဂ္ဂ၌ တာဝန်ထမ်းဆောင် ခဲ့ပြီးနောက် အီရတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသော်လည်း ၎င်း၏သားများမှာမူ နယူးယောက်မြို့တွင် ဆက်လက်၍ နေထိုင်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်၏ နျူကလီးယားအစီအစဉ်ကို ညှိနှိုင်းဆွေးနွေးရာ၌ အမေရိကန်၏ဖိအားပေးမှုကြောင့် ယိမ်းညွတ်မသွားရန် တိုက်တွန်း

တီဟီရန် စက်တင်ဘာ ၇

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ မကြာမီ ညှိနှိုင်းဆွေးနွေးကြရာတွင် အမေရိကန် ပြည်ထောင်စု၏ ဖိအားပေးမှုကြောင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က ယိမ်းညွတ်မသွားစေရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ကမဲခါရာဇီက တိုက်တွန်းလိုက်ကြောင်းဖြင့် အီရန်မှ တရားဝင် အိုင်အာအင်အေ သတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

စုဆောင်းနေ

အိုင်အေအီးအေက အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်အပေါ် ဆုံးဖြတ်ချက်ချမှတ်ရန် အချိန်မဟုတ်သေးကြောင်း၊ ယင်းကဏ္ဍနှင့်ပတ်သက်၍ အိုင်အေအီးအေက ယခုထက်တိုင် အချက်အလက်စုဆောင်းနေလျက်ပင်ရှိသေးကြောင်း ခါရာဇီက ပြောကြားသည်။

နိုင်ငံရေးသြဇာ

အီရန်နိုင်ငံ၏ နျူကလီးယားလှုပ်ရှားမှု ဆောင်ရွက်မှုများအပေါ် ဆုံးဖြတ်ချက်ချရန် စည်းကမ်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အိုင်အေအီးအေက သဘောတူညီမှုမရမချင်း အီရန်နိုင်ငံနှင့်ပတ်သက်၍ အိုင်အေအီးအေအပေါ် နိုင်ငံရေးသြဇာလွှမ်းမိုးလာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲမှရလဒ်များကို ထုတ်ပြန်ကြေညာနိုင်ရန်အတွက် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များ၏ အမှန်တရားကို အိုင်အေအီးအေက စဉ်းစားနိုင်မည်ဟု မိမိတို့မျှော်လင့်ကြောင်း ခါရာဇီက ထပ်လောင်းပြောကြားသည်။

အစည်းအဝေး

အီရန်နိုင်ငံက နျူကလီးယားအစီအစဉ်တွင် နျူကလီးယား မပြန့်ပွားရေးစာချုပ် (အင်ပီတီ)ကို ဖောက်ဖျက်မှုရှိ၊ မရှိ ဆုံးဖြတ်ရန် အိုင်အေအီးအေ အုပ်ချုပ်ရေးမှူး ဘုတ်အဖွဲ့က တနင်္လာနေ့တွင် အစည်းအဝေးတစ်ရပ် ကျင်းပကြမည်ဖြစ်သည်။

အင်ပီတီနောက်ဆက်တွဲစာချုပ် အီရန်နိုင်ငံက လက်မှတ်ရေးထိုးခြင်းကြောင့် အီရန်၏ နျူကလီးယားအစီအစဉ်များအပေါ် သံသယရှိမှုများအား ဖယ်ရှားနိုင်မှု ရှိ၊ မရှိ၊ သို့တည်းမဟုတ် ယင်းအစီအစဉ်များနှင့်ပတ်သက်၍ အီရန်အား နောက်ထပ်ဖိအားပေးမှု ရှိ၊ မရှိကို အီရန်ကသိရှိလိုကြောင်း ခါရာဇီက ထုတ်ဖော်ပြောကြားသည်။

သိလိုကြ

စာချုပ်လက်မှတ်ရေးထိုးရေးကိစ္စကို အီရန်တွင် သဘောတူညီချက်ရရှိစေရန် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ မည်သည့်စာချုပ်မျိုးမဆို အီရန်ပါလီမန်က အတည်ပြုရမည်ဖြစ်ကြောင်း၊ ပါလီမန်အဖွဲ့ဝင်များကလည်း မည်သည့်ကိစ္စဟု သိလိုကြကြောင်း။

နားလည်ရန်လိုအပ်

အီရန်နိုင်ငံအတွက် မည်သည့်တာဝန်များ ဆောင်ကြဉ်းနေရသည်၊ သို့မဟုတ် ကြုံတွေ့နေသော ပြဿနာ အရပ်ရပ်ကို ဖယ်ရှားရာတွင် အထောက်အကူပြုနိုင်၊ မပြုနိုင် စသည်တို့ကို သိရှိနားလည်ရန် လိုအပ်ကြောင်း ခါရာဇီက ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားရုပ်ရှင် ရွှေခြင်္သေ့ဆုဆွတ်ခူး

မော်စကို စက်တင်ဘာ ၈

(၁၆)ကြိမ်မြောက် ဗင်းနစ်ရုပ်ရှင်ပွဲတော်ကို အီတလီနိုင်ငံ ဗင်းနစ်မြို့တွင် စက်တင်ဘာ ၆ ရက်က ကျင်းပရာ ရုရှားနိုင်ငံမှ ဒါရိုက်တာအန်ဒရီဇက်ယာဂင်ဆက်ဗ်က ရွှေခြင်္သေ့ဆုကို ဆွတ်ခူးရရှိခဲ့သည်။ ဆယ်နှစ်ကျော်ကြာ ကွဲကွာနေသော သားအဖနှစ်ဦး ပြန်လည်တွေ့ဆုံကြပုံ ဇာတ်လမ်းကို ရိုက်ကူးထားသည့်ရီတန်းန်အမည်ရှိဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ အသက်(၁၅)နှစ်ရှိ ရုရှားလူငယ်တစ်ဦးကိုလည်း အကောင်းဆုံး သရုပ်ဆောင်မှုအတွက် ရွှေခြင်္သေ့ဆုချီးမြှင့်ခဲ့သည်။ ***စီအင်န်အင်န်။***

ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးဇာတ်ကားဆု ရရှိခဲ့သည့် ရုရှားဒါရိုက်တာ အန်ဒရီဇက်ယာဂင်ဆက်ဗ်(ယာ)**နှင့် ရုရှားသရုပ်ဆောင်နှစ်ဦးအား “ရွှေခြင်္သေ့” ဆုတံဆိပ်နှင့်အတူ စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

ဥရောပ၏ အမြင့်ဆုံးတောင် အပူလှိုင်းကြောင့် အခြေအနေပြောင်းလဲ

ပါရီ စက်တင်ဘာ ၇

ဥရောပ၏ အမြင့်ဆုံးတောင်ဖြစ်သော မွန့်ဘလန့်တောင်၏ အမြင့်ကို ထပ်မံတိုင်းတာရန် လေ့လာရေးသုတေသီများက ပြင်ဆင်နေကြောင်း သိရသည်။ ယခင်က အဆိုပါတောင်သည် မီတာ ၄၈၁၀ ကျော် အမြင့်ရှိခဲ့ပြီး ယခုနှစ်အတွင်း အပူလှိုင်းရိုက်ခတ်မှုကြောင့် တောင်၏ မျက်နှာပြင်အခြေအနေများ ပြောင်းလဲနေကြောင်း၊ နှင်းဖုံးတောင်ထိပ်ငယ်များက အမြင့်ပေ လျော့ကျမှုကို ဖော်ပြနေသည့် အနေအထားတစ်ရပ်ဖြစ်ကြောင်း သုတေသီများက ပြောကြားကြသည်။

စီအက်ဖ်အိုင်။

စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုကို အမေရိကန်ပြည်ထောင်စု ကြိုတင်သိရှိခဲ့ ကမ္ဘာကြီးကို လွှမ်းမိုးလိုသောကြောင့် ကာကွယ်တားဆီးရန် ပျက်ကွက်ခဲ့ဟု ဗြိတိန်ဝန်ကြီးဟောင်း ပြောကြား

လန်ဒန် စက်တင်ဘာ ၇

အမေရိကန်ပြည်ထောင်စုက ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ကြိုတင်သိရှိခဲ့ကြောင်း၊ သို့ရာတွင် အမေရိကန်ပြည်ထောင်စုက ကမ္ဘာကြီးအား လွှမ်းမိုးလိုသောကြောင့် ယင်းကြိုးပမ်းမှုကို အခိုင်အမာပြုလုပ်ပြီး ယင်းတိုက်ခိုက်မှုများအား ကာကွယ်တားဆီးရန် ပျက်ကွက်ခဲ့ခြင်းဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးဟောင်းက ပြောကြားလိုက်သည်။

အမေရိကန်အစိုးရ၏ အကြမ်းဖက်ဝါဒအပေါ် စစ်ဆင်နွှဲမှုကို အမေရိကန်၏ မဟာဗျူဟာမြောက် ပထဝီဝင်နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရန်အတွက် အယောင်ပြ အထောက်အထားအဖြစ် အသုံးပြုခဲ့ခြင်းသာဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ အစိုးရအဖွဲ့မှ သဘာဝပတ်ဝန်းကျင် ဝန်ကြီးဟောင်း မိုက်ကယ်မီချာက ဂါဒီယန်နေ့စဉ်သတင်းစာတွင် ရေးသားထားသည်။

အင်အားသုံး၍ အမိန့်ပေး

စီမံကိန်းတစ်ရပ်လုံး တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်သည့် ရေနံဖြည့်တင်းရေးကိစ္စအပေါ် အင်အားသုံး၍ အမိန့်ပေးခြင်းဖြင့် လုံခြုံရေး တည်ဆောက်မှု အစီအစဉ်နှင့် ကမ္ဘာကြီးအား ဗိုလ်ကျစိုးမိုးအုပ်ချုပ်ရေးဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ ရည်မှန်းချက်စသည်ဖြင့် လုံးဝကွဲပြားခြားနားသည့် လုပ်ငန်းစဉ်အား လမ်းပွင့်သွားစေနိုင်ရန်အတွက် ဝါဒဖြန့်ချိသော အမေရိကန်၏ နိုင်ငံရေးဒဏ္ဍာရီမှ ဝိသေသလက္ခဏာများသည် ကမ္ဘာတစ်ဝန်း အကြမ်းဖက်ဝါဒ စစ်ဆင်နွှဲမှုတွင် တည်ရှိနေကြောင်း မိုက်ကယ်မီချာက ဆက်လက်ရေးသားသည်။

အာဖဂန်နစ္စတန်နိုင်ငံ တိုက်ခိုက်ရေးအတွက် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုက တန်ဖိုးမဖြတ်နိုင်သည့် မှုမမှန်သော အကြောင်းပြချက်များကို ဖန်တီးပေးခဲ့ကြောင်း၊ အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန် အာဏာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပင်လယ်ကွေ့ဒေသတွင် စစ်ရေးအရ အုပ်ချုပ်နိုင်ရန် အမေရိကန်က ရည်ရွယ်လျက်ရှိကြောင်း မီချာက ရေးသားသည်။

လယ်ပြင်မှာ ဆင်သွားသလို ထင်ရှား

စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုတွင် လက်ဦးမှု ရရှိရန်အတွက် အမေရိကန်အာဏာပိုင်များက အနည်းအကျဉ်းသာ သို့တည်းမဟုတ် လုံးဝ လုပ်ဆောင်မှု မရှိခဲ့ကြောင်းမှာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလျက်ရှိကြောင်း ၎င်းက ရေးသားသည်။

သတိပေးခဲ့

အယ်လ်ခိုင်ဒါ အသေခံဗုံးခွဲသမားများသည် စွမ်းအားမြင့် ဖောက်ခွဲရေး ပစ္စည်းများ အပြည့်အသိပ်တင်၍ လေယာဉ်အား အမေရိကန်စစ်ဌာနချုပ် (ပင်တဂွန်)နှင့် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)ဌာနချုပ် သို့မဟုတ် အိမ်ဖြူတော် အဆောက်အအုံများပေါ်သို့ ထိုးဆင်းနိုင်သည့် သတင်းကို အမျိုးသားထောက်လှမ်းရေးကောင်စီက ၁၉၉၉ ခုနှစ်အတွင်းက အစီရင်ခံစာ ထုတ်ပြန်ပြီး သတိပေးခဲ့ကြောင်း မီချာက ပြောကြားသည်။

မေးခွန်းထုတ်

နယူးယောက်နှင့် ဝါရှင်တန်မြို့များတွင် တိုက်ခိုက်မှုဖြစ်ပွားသည့် နံနက်ခင်း တုံ့ပြန်မှုနှင့် ပတ်သက်၍လည်း ၎င်းက မေးခွန်းထုတ်လိုက်သည်။

လေယာဉ်တစ်စင်း ရုတ်တရက် ထူးထူးခြားခြား ပျံသန်းရေးအစီအစဉ် ပြောင်းလဲမှုကို စုံစမ်းရန်ကိစ္စသည် အမေရိကန်၏ ဥပဒေအရ လိုအပ်ချက် တစ်ခုဖြစ်ပြီး ယင်းသို့ စုံစမ်းနိုင်ရန်အတွက် တိုက်လေယာဉ်များ စေလွှတ်သင့်ကြောင်း၊ ထိုတိုက်လေယာဉ် တစ်စင်းမှ စုပြုလာရောက်ခြင်း မရှိကြောင်း၊ တတိယအကြိမ်မြောက် လေယာဉ်တစ်စင်းက ပင်တဂွန်စစ်ဌာနချုပ်အား တိုက်ခိုက်ချိန်အထိ မလာရောက်ခဲ့ကြောင်း၊ ယင်းမှာ မည်သည့်အတွက်ကြောင့်နည်းဟု ၎င်းက ထပ်လောင်းရေးသားသည်။

လန်ဒန်ရှိ အမေရိကန်သံရုံးကမူ မီချာ၏ အတွေးအမြင်များသည် စက်ဆုပ်စရာကောင်းကြောင်း ထုတ်ဖော် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စောင့်ကြပ်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဗြိတိန်သံရုံးရှေ့တွင် စောင့်ကြပ်နေသည့် ဗြိတိသျှတပ်သားများအား စက်တင်ဘာ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတော်သစ် တည်ဆောက်ရေး ပါဝင်ဆောင်ရွက်ရန် အာရပ်ကမ္ဘာအား အီဂျစ်နိုင်ငံခြားရေးဝန်ကြီး နှိုးဆော်

ကိုင်ရို စက်တင်ဘာ ၇

အာရပ်ကမ္ဘာအနေဖြင့် အီရတ်နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြပါရန် အီဂျစ်နိုင်ငံက စနေနေ့တွင် နှိုးဆော်လိုက်ပြီး မည်သည့် သီးခြားခွဲထုတ်ရေး ကြိုးပမ်းမှုမျိုးမဆို လက်နက်ကိုင်တော်လှန်သည့် အခြေသို့ ဆိုက်ရောက်စေနိုင်ကြောင်းကိုလည်း သတိပေးလိုက်သည်။

မိမိတို့သည် အီရတ်နိုင်ငံနှင့် မဆက်ဆံလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် အီရတ်နိုင်ငံ၏ အာရပ် စရိုက်လက္ခဏာကို စွန့်လွှတ်ရေးနှင့် အီရတ်နိုင်ငံအား အာရပ်ကမ္ဘာမှ တသီးတခြား ခွဲခြားရန် ရည်မျှော်သည့် ကြိုးပမ်းချက်များ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာန အီဂျစ်ကောင်စီက ဩဇာကြီးမားသော ညီလာခံတစ်ရပ်တွင် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်မာဟာက ပြောကြားခြင်းဖြစ်သည်။

— နည်းလမ်းများရှာကြမည် —

အီဂျစ်နှင့် အခြားအာရပ်နိုင်ငံများက ယင်းသို့သော ကြိုးပမ်းချက်များအား ခုခံတွန်းလှန်မည်ဖြစ်ပြီး အီရတ်နိုင်ငံ တည်ဆောက်ရေးအတွက် နည်းလမ်းများ ရှာကြံမည်ဖြစ်ကြောင်း မာဟာက ပြောကြားသည်။

အမေရိကန် ခန့်ထားသည့် အီရတ်ကြားဖြတ် အုပ်ချုပ်ရေးကောင်စီ(အိုင်ဂျေစီ)က ကျင်းပတော့မည့် အာရပ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တက်ရောက်နိုင်ဖွယ်ရှိသည်ဟု အာရပ်သံတမန်ရပ်ကွက်က အရိပ်အမြွက် ပြောကြားပြီး နှစ်ရက်အကြာ မာဟာ၏ မှတ်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

— တိမ်းညွတ်လျက်ရှိ —

အီရတ်အုပ်ချုပ်ရေးကောင်စီ(အိုင်ဂျေစီ)တရားဝင်ဖြစ်မှုကိစ္စနှင့် ပတ်သက်၍ အာရပ်နိုင်ငံများအတွင်း သဘောထားကွဲလွဲမှု ရှိနေလင့်ကစား အဆိုပါ ကောင်စီအစည်းအဝေးသို့ တက်ရောက်ခွင့်ရရန် အာရပ်နိုင်ငံအများစုက တိမ်းညွတ်လျက်ရှိကြောင်း ဖော်ပြပါသတင်းရပ်ကွက်က ပြောကြားသည်။

အီရတ်နိုင်ငံအား အာရပ်အဖွဲ့ချုပ်အတွင်း ပြန်လည်ဆွဲသွင်းလိုက်ခြင်းဖြင့် ဖော်ပြပါ အာရပ်နိုင်ငံ အများစုက ၎င်းတို့၏ အကျိုးစီးပွားများကို ရှေးရှု၍ စဉ်းစားလာကြခြင်းဖြစ်ကြောင်း၊ အိုင်ဂျေစီအား သပိတ်မှောက်ခြင်း၊ သို့တည်းမဟုတ် အသစ်ဖွဲ့စည်းထားသည့် အီရတ်အစိုးရအဖွဲ့ကို သပိတ်မှောက်ခြင်းဖြင့် မည်သည့်အရာမှ ရရှိမလာနိုင်ကြောင်း အာရပ်နိုင်ငံများက သဘောထားလျက်ရှိကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ် စွမ်းအင်ကဏ္ဍ ပုဂ္ဂလိကပိုင် ပြုလုပ်လို

လန်ဒန် စက်တင်ဘာ ၇

အိုပက်အဖွဲ့ဝင်ဖြစ်သည့် အီရတ်နိုင်ငံ၏ နိုင်ငံပိုင်စွမ်းအင်ထုတ်လုပ်ရေးဌာနကို အီရတ်ရေနံဝန်ကြီးသစ်က ပုဂ္ဂလိကပိုင်ပြုလုပ်ရန် လိုလားကြောင်း၊ သို့ရာတွင် ယင်းသို့ပြုလုပ်မည့်မည်သည့် ဆုံးဖြတ်ချက်မဆို ပြည်သူရွေးချယ်တင်မြှောက်သည့် အစိုးရအဖွဲ့က ထောက်ခံရန် လိုအပ်ကြောင်းဖြင့် ဖိုင်နယ်ရှယ်တိုင်းမ် သတင်းစာက ရေးသားဖော်ပြလိုက်သည်။

အီဘရာဟင် အယ်လ်ယူလွမ်က ရေနံချက်စက်ရုံများကို အပြည့်အဝ ပုဂ္ဂလိကပိုင် ပြုလုပ်ရန် ထောက်ခံထားပြီး ရေနံထုတ်လုပ်ရေးနှင့် စူးစမ်းရှာဖွေရေးအတွက် နိုင်ငံတကာ ရေနံကုမ္ပဏီကြီးများနှင့် စပ်တူထုတ်လုပ်ရေး ကန်ထရိုက်စာချုပ်များ ချုပ်ဆိုရေးကို လိုလားကြောင်း ရေနံဝန်ကြီးသစ်ဖြစ်သူ ဘီဘရာဟင်အယ်လ်ယူလွမ်က လန်ဒန်အခြေစိုက် ဖော်ပြပါ သတင်းစာအား ပြောကြားသည်။

အခြေခံဥပဒေရေးဆွဲရန် စိုင်းပြင်းလျက်ရှိသည့် ကော်မတီက ၁၉၇၂ ခုနှစ်က ပြည်သူပိုင်သိမ်းခဲ့သည့် အီရတ်ရေနံလုပ်ငန်း ပိုင်ဆိုင်မှုအနေအထားအား စူးစမ်းလေ့လာမည်ဖြစ်သည်။

အီရတ်ရေနံလုပ်ငန်း ပုဂ္ဂလိကပိုင်ပြုလုပ်ရန်လိုအပ်ကြောင်း၊ သို့ရာတွင် ၎င်းကိစ္စမှာ ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် ပြဿနာဖြစ်နေကြောင်း၊ အီရတ်ပြည်သူလူထုသည် အမျိုးသားရေးဝါဒနှင့် ဒွေးရောယှက်တင် နှစ် ၃၀-၄၀ ကြာအောင် နေထိုင်ခဲ့ကြကြောင်း ဘီဘရာဟင်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အောင်ပွဲခံ

အီတလီနိုင်ငံ မီလန်မြို့၌ ကျင်းပသော ယူရို ၂၀၀၄ ခြေစစ်ပွဲတွင် အီတလီအသင်း ရှေ့တန်းတိုက်စစ်မှူး ဖိလစ်ပိုအင်ဇာဂီ (၁၀) က ဝေလပြည်နယ် အသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘူဂေးရီးယား၌ ဘိန်းဖြူ ၁၃၇ ကီလို ဖမ်းမိ

ဆိုဖီယာ စက်တင်ဘာ ၇

ဘူဂေးရီးယား အကောက်ခွန်ဌာနသည် တူရကီနိုင်ငံ၌ မှတ်ပုံတင်ထားပြီး ဂျာမနီနိုင်ငံသို့ ဦးတည် မောင်းနှင်မည့် ထရပ်ကား တစ်စီးအား ဘူဂေးရီးယား-ရိုမေးနီးယား နယ်စပ်တွင် စစ်ဆေးရာ ဘိန်းဖြူ ၁၃၇ ကီလိုကို သောကြာနေ့က ဖမ်းဆီးမိသည်။

အများဆုံးဖမ်းမိ

ဘူဂေးရီးယား နိုင်ငံ အရှေ့တောင်ပိုင်း ရိုမေးနီးယားနှင့် နယ်စပ်ချင်း ဆက်နေသည့် ဒင်ညူမြစ် ပေါ်ရှိ ရော်စီ စစ်ဆေးရေးဂိတ်တွင် ယခုအချိန်ထိ ဘိန်းဖြူအများဆုံး ဖမ်းမိခြင်း ဖြစ်သည်ဟု ဒေသခံ အကောက်ခွန်အရာရှိ တစ်ဦးက ပြောကြားကြောင်း ဘူဂေးရီးယား သတင်းဌာနက ဖော်ပြသည်။

ဝှက်ယူလာ

အဆိုပါ ဘိန်းဖြူများကို ထရပ်ကား၏ နောက်တွဲယာဉ် ကြမ်းပြင် နှစ်ထပ်အတွင်း ရေခဲစိမ် ခရမ်းချဉ်သီး တန် ၂၀ အောက်တွင် တစ်ထုပ်လျှင် ဘိန်းဖြူ ကီလိုဝက် ဆံ့သည့် အထုပ် ၂၅၉ ထုပ်တွင် ထည့်လျက် ဝှက်ယူလာခြင်းဖြစ်သည်။ ယင်းအထုပ်များကို အနံ့ခံခွေးများ အနံ့မခံနိုင်ရန်အတွက် ဆေးဖက်ဝင် အသီးအရွက် များဖြင့် ဖုံးအုပ်ထားသည်။

ဘူဂေးရီးယား ရဲတပ်ဖွဲ့သည် ထရပ်ကား မောင်းသူ အသက်(၃၉) နှစ်ရှိ တူရကီလူမျိုး တစ်ဦးကို ဖမ်းဆီးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နယ်ခစပ်မှတ်တမ်း

(ကိုးကန့်ဒေသ)

မြင့်စိုး(နတလ)

(၁)

ဗိုလ်လောင်းတုန်းက လူချောဟုအမည်ရခဲ့သော မျိုးမြင့်၏ဘဝအပိုင်းအစတချို့ ဆောင်းပါးထဲတွင် ပါသွားပြီးနောက် အောင်ဖေယျတပ်ခွဲ၌ အတူနေခဲ့သည့် သူငယ်ချင်းများ ကျွန်တော့်ထံ သတိတရ ဖုန်းဆက်လာသည်။ "ဂယောင်–သူငယ်ချင်းနေကောင်းလား၊ မင်းကျောင်းတုန်းက စာရေးတာလည်း မတွေ့မိပါဘူး၊ ခွေးဘီလူးကမှ ရေးသေးတယ်၊ ဘယ်ကဘယ်လို စိတ်ကူးရသွားတာတုံး"ဟု မှတ်ချက်ပြုသည်။

အသံကြားလိုက်သည်နှင့် သိလိုက်ပါပြီ။ ပိတုန်း။ အသားညိုညို၊ ခေါင်းကလုံးလုံး၊ ခန္ဓာကိုယ်ကလည်း ပုပုလုံးလုံးကလေးမို့ ဆရာဦးကျော်မြင့်က သူ့ကို ပိတုန်းဟု အမည်ပေးခဲ့သည်။ ဗိုလ်လောင်း ပထမနှစ် နှစ်ဝက်ကျိုးသည်အထိ ကျွန်တော့်တွင် နာမည်မရှိသေး။ တစ်နေ့ အတန်းထဲတွင် ပဲဆိပ်တက်၍ ငိုက်ချင်ချင် ဖြစ်နေခိုက် ဆရာက အတန်းရှေ့တွင်ထွက်ပြီး ဓာတုဗေဒညီမျှခြင်းတစ်ခု ရေးခိုင်းသည်။ အစပိုင်းမတော့ ဟုတ်တုတ်တုတ်၊ အဆုံးသတ်ခါနီး လည်ထွက်သွားသည်။ ဆရာက ပြုံးစိစိဖြင့်ကြည့်ရင်း ဒီကောင် ဂယောင်ပြနေပြီဆိုကာ ညီမျှခြင်းကို ဆက်ဖြည့်ပေးသည်။ ထို့နေ့မှစ၍ ဂယောင်ဟူသော နာမည်ကို ကျွန်တော် ရလေသတည်း။

သူ့အမှတ်ထားမိသကဲ့သို့ပင် ကျောင်းတုန်းက လေးနှစ်တာ ကာလအတွင်း တပ်ခွဲလိုက် ဒိုးပတ်ပြိုင်ပွဲအတွက် သံချပ်တစ်ပုဒ်သာ ဝင်ရေးဖူးသည်။ ငယ်ငယ်တုန်းကလည်း မှတ်မှတ်ရရ ခြောက်တန်းနှစ်၌ ကျောင်းနံရံကပ်စာစောင်အတွက် **စာမေးပွဲ**ဟူသော ဆောင်းပါးတစ်ပုဒ်သာ ရေးခဲ့ဖူးသည်။ ရေးရင်းနှင့် ပြုံးရသေး၏။ အကြောင်းမှာ ကျွန်တော်သည် **သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်နိုင်၊ ခါးတကယ်မတို့ ခင်က ယားယားတယ်လို့တွန့်** အစရှိသော ဝတ္ထုစာအုပ်များ၊ **မင်းအသက်ငါ့ပေး၊ ဆရာကြီးမြခိုင်၊ သိန်းနက်** စသော ဝတ္ထုဇာတ်ကောင်များနှင့် နှစ်ပါးသွားခဲ့သည့်နှစ်၌ လေးတန်းစာမေးပွဲကို ဗုန်းဗုန်းကျခဲ့ဖူး၍တည်း။

(၂)

ကျောင်းဆင်းတော့ အညာကိုရောက်သည်။ အညာနွေမှာ ထနောင်းရိပ်ခိုရင်း ရှေ့တန်းနယ်မြေများရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများသို့ ဝင်ချည်၊ထွက်ချီ ပြုခဲ့ရသည်။ အညာမြေနှင့် အညာနွေကို ကျွန်တော်နှစ်သက်၏။ သန်းထွန်းလေး၏မမေ့သောအညာ၊ မစိမ်းစိမ်း၏ ရွှေမန်းဆီသို့၊ ဒေါ်တင်တင်မြ၏ ဇေယျာရွှေမြေ၊ ဒေါ်ရီရီသန့်၏ ဇေယျာကမ်းအလှ ပန်းချီ စသော ချစ်စရာအညာဖွဲ့သီချင်းများထဲတွင် ခုနစ်နှစ်တိုင်တိုင် ပျော်ဝင်ခဲ့ရသည်။ အညာမှာ နေစဉ်ကလည်း မည်သည့်အကြောင်းအရာသော်မှ မရေးဖြစ်ခဲ့။ ထိုမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသသို့ ပြောင်းရသည်။

စင်စစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသသည် ကျွန်တော်၏ စာပေမျိုးစေ့ သန္ဓေတည်ရာအရပ်ဟု ကျေးဇူးစကားဆိုရသော် မမှားတန်ရာ။ ဤအရပ်၊ဤဒေသ၊ ဤအချိန်ကာလ တွေ့မြင်ခဲ့ရသောမြင်ကွင်းများ၊ တိုင်းရင်းသားသွေးချင်းတို့၏ မျက်မြင်ဒိဋ္ဌ လူမှုဘဝပုံစံ၊ ထိတွေ့နေရသော လက်နက်ကိုင် အဖွဲ့အစည်းများ၏ လာရာနှင့်လားရာ ကောက်ကြောင်းအထွေထွေ၊ ထမ်းဆောင်ခဲ့ရသော လုပ်ငန်းတာဝန်စသည့် ပုံရိပ်များက ကျွန်တော့်ရင်သို့ အဆီးအတားမဲ့ တိုးဝင်ခဲ့သည်။ အနောက်ရိုးမတောင်ခြေ၌ ကျီးလန့်စာစားနေခဲ့ဖူးသည့်ကာလ၊ တစ်ဖန်အေးချမ်းမှုကိုတင်းပြည့်ကျပ်ပြည့် ခံစားခဲ့ရသည့်ကာလ စသည့် ငယ်စဉ်က ဘဝပုံရိပ်များက ပြက်ပြက်ထင်ထင် ရှိနှင့်ပြီးဖြစ်သည်။ ဤအကြောင်းတရားများ ပေါင်းစုသွားသောအခါ ကာကွယ်ရေးဝန်ကြီးဌာနသို့ ရောက်ပြီး မကြာမီစ၍ စာရေးဖြစ်သည်။အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးတည်သောဆောင်းပါးများ။

နောင်တော်ကြီး ကိုတင်သန်းဦးက အမှားတွေ့လျှင် ထောက်ပြသည်။ ဦးတည်ချက်လွဲလျှင် ပြင်ပေး၏။ ကျေးဇူးရှိပါသည်။ ကျွန်တော်၏ ပထမဆုံး ဆောင်းပါးဖြစ်သော **အလင်းစကား ကြားနိုင်ပါစေ၊ လက်ကမ်း၍ ကြိုပါမည်** တို့သည် လွယ်မော် လက်နက်ကိုင်အဖွဲ့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်လာစေရန် ဦးတည်ရည်ရွယ်သည်။ စိတ်ကူးဖြင့် ငြိမ်းချမ်းရေးပုံဖော်နေသော ကျွန်တော်သည် နောင်တစ်ချိန်၌ နတလလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရလိမ့်မည်ဟူ၍လည်းကောင်း၊ ဦးခွန်ဆာ ဖိတ်ကျွေးသော ထမင်းကို အားနာပါးနာ စားရလိမ့်မည် ဟူ၍လည်းကောင်း တစ်ခါဖူးမျှ မတွေးမိချေ။

(၃)

နတလသို့ရောက်ပြီး ပထမဆုံး အာရုံစူးစိုက်သော ဒေသမှာ ကဘော်ချိုင့်ဝှမ်းဒေသ ဖြစ်သည်။ ငယ်စဉ် ကျောင်းသားဘဝ ပထဝီစာသင်ကတည်းက ရင်းနှီးသဘောကျခဲ့ရသော အမည်ဖြစ်သည်။ ကနဦး နတလလုပ်ငန်းများသည် ငြိမ်းချမ်းရေးအဖွဲ့များ တည်ရှိရာ အစွန်အဖျားဒေသများမှ စခဲ့သည်ချည်းဖြစ်သော်လည်း ကဘော်က ထူးခြားသည်။ ထိုဒေသတွင် မည်သည့်ငြိမ်းချမ်းရေးအဖွဲ့မှ မရှိခဲ့။ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲကြောင့် နှစ်ပေါင်းများစွာ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည့် တနင်္သာရီ၊ ရခိုင်၊ ချင်းဒေသတို့အား နိုင်ငံတော်မှ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသကဲ့သို့ ကဘော်ချိုင့်ဝှမ်းတည်းဟူသော ကွက်လပ်ကို ဘဝသစ်စီမံကိန်းဖြင့် ဖြည့်ဆည်းပေးခဲ့သည်။ နိုင်ငံတော်၏ စေတနာကို ဒေသခံပြည်သူတို့ နားလည်သိရှိစိမ့်သောငှာ ကျွန်တော် ရေးဖြစ်ခဲ့သည်။ ကဘော်ချိုင့်ဝှမ်းဒေသ၊ နတလနှင့် ဘဝသစ်စီမံကိန်း ဟူ၍။

နတလသို့ ကျွန်တော်တို့ရောက်ချိန်အထိ ဦးစီးဌာနဟူ၍ ဖွဲ့စည်းပုံ မရှိသေး။ လုပ်ငန်းကော်မတီရုံး အောက်တွင်

ဖွံ့ဖြိုးတိုးတက်လာသော လောက်ကိုင်မြို့ ရှုခင်း။

အထူးအရာရှိများအနေဖြင့်သာ တာဝန်ထမ်းဆောင်ရသည်။ သူ့ဒေသ၊ကိုယ့်ဒေသရယ်မရှိ။ အလှည့်ကျသွားရောက်လဲလှယ်ရသည်။ တပ်ပုံစံဆန်သမို့ ပျော်စရာတစ်မျိုးကောင်းသည်။ လူကလည်းများလှသည်မဟုတ်။အရာရှိနှင့်အကူတစ်ယောက်နှစ်ယောက်၊ အလွန်ဆုံးဒေသကျယ်ဝန်းပါမှ သုံးလေးယောက်သာရှိသည်။ ဒေသအနေဖြင့်လည်း ကချင်၊ ကိုးကန့်၊ 'ဝ'၊ ရှမ်းအရှေ့နှင့် ကဘော်ချိုင့်ဝှမ်းလောက်သာ ရှိသေးသည်။ ကယား၊ ပအိုဝ်း၊ မွန်၊ ကရင်၊ တနင်္သာရီ၊ ရခိုင်နှင့် ချင်း/နာဂတို့၌ လုပ်ငန်းများရှိနေပြီဖြစ်သော်လည်း ရှေ့တန်းရုံး မထားသေးပေ။ ရှေ့တန်းရုံးဆို၍ ရုံးနှင့်ကနားနှင့် စတိုင်ကျကျနေရသည်မဟုတ်။ ပညာ၊ ကျန်းမာဝန်ထမ်းများအတွက်ရွာမှ အိမ်အလွတ်တစ်လုံးသည် ဝန်ထမ်းအိမ်ရာ ဖြစ်သွားသကဲ့သို့ ဆေးရုံထဲမှ အခန်းလွတ်တစ်ခု၊ ဘုန်းကြီးကျောင်းမှ ကပ္ပိယနေသောအဆောင်၊ ရွာမှ တဲတစ်လုံးသည် ကျွန်တော်တို့အတွက် ရုံးဖြစ်ခဲ့ဖူးလေ၏။

လေး၊ ငါးလကြာလျှင် ရုံးချုပ်က လူလဲပေးသည်။ ရောက်ပြီး မကြာမီမှာပင် ညွှန်ကြားရေးမှူးချုပ်က ကိုစိုးအောင်ကြီး ကိုးကန့်မှာ ငါးလကျော်နေပြီ။ စိုးသန်း မင်းသွားလည်း မြင့်စိုးပါ ခေါ်သွားဆို၍ ကိုးကန့်ကို စဝင်ရသည်။ ကိုစိုးသန်းရော ကျွန်တော်ပါ ရမခတွင် နေဖူးသူများဖြစ်ကြ၍ နယ်မြေက မစိမ်း။ မစိမ်းသလို မပြောင်းလဲတာတွေလည်း ရှိသေးသည်။ လားရှိုးနှင့် သိန္နီကြား ခရီးတိုတိုလေးအား ချိုင့်ခွက်တွေ၊ ရွှံ့အိုင်ကြီးတွေ ရှောင်မောင်းနေရသော တီအီးကားကြီးများကို နောက်မှကြည့်ရသည်မှာ အမူးသမားအုပ်စု တန်းစီလျှောက်နေသည်နှင့် တူသေးတော့။ ဒယီးဒယိုင် **လှုပ်လီလှုပ်လဲ့**နှင့်။ လားရှိုးမှ ဘယ်လောက်စောထွက်ထွက် ကွမ်းလုံရောက်လျှင် မိုးချုပ်မြဲဖြစ်သည်။

ငြိမ်းချမ်းရေး အစောဆုံးကာလက တစ်နိုင်ငံလုံး ဟိုးဟိုးကျော်ခဲ့သော ချင်းရွှေဟော်မြို့သစ်ကို ဖြတ်သည်။ အကော်ဒယံဦးအုန်းကျော်၏ သီချင်းထဲက ချင်းရွှေဟော်။ တစ်နည်းဆိုရသော် ငြိမ်းချမ်းရေး၏ နိမိတ်ပုံမြို့သစ်။ ကွမ်းလုံမှ ထွက်တာနောက်ကျ၍ လောက်ကိုင်အဝင် မိုးချုပ်ပြန်သည်။ ယနေ့ ဖြောင့်ဖြူးကျယ်ဝန်းလှသော ကတ္တရာလမ်းနက်နက်ကြီးပေါ်မှ လားရှိုး–ကွမ်းလုံ–လောက်ကိုင်ခရီးကို နေ့ချင်းနှစ်ခါပြန် နှစ်ခေါက်လောက် သွားနိုင်ပြီဖြစ်သော်လည်း ထိုစဉ်က အချိန် နှစ်ရက်လောက် ပေးခဲ့ရသည်။ တစ်လခန့်ကြာသောအခါ ကိုစိုးသန်းကို လားရှိုးမှနေ၍ ကွပ်ကဲစေပြီး လောက်ကိုင်တွင် ကျွန်တော် ကျန်ခဲ့ရ၏။ ထိုစဉ်ကာလ ထမ်းဆောင်ခဲ့သော လုပ်ငန်းတာဝန်များကို ကျွန်တော်ရေးခဲ့ဖူးပါပြီ။ လမ်း/တံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ပြည်သူ့ဆက်ဆံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သာသနာရေး စသောလုပ်ငန်းများသာမက ကုန်သွယ်လယ်ယာမှ ဒေသခံများကို ဆန်နှင့်အခြေခံစားကုန်များ ဖြန့်ဖြူးပေးသည်အထိ ပါဝင်ပါသည်။

(၄)

အဓိကတင်ပြလိုသည်မှာအချိန်ကာလအလိုက်ပြောင်းလဲတိုးတက်သွားသော ကိုးကန့်ဒေသ မြင်ကွင်းများဖြစ်၏။ ငြိမ်းချမ်းရေးမရမီ ကျေးရွာအဆင့်သာ ရှိခဲ့ရာမှ လောက်ကိုင်မြို့ဖြစ်လာသည်။ သည့်နောက် လောက်ကိုင်မြို့ဟောင်းကို ပတ်ပတ်လည်ဝိုင်းရံ၍ အရှေ့ခြမ်းမြို့သစ်၊ ဇာမဏီမြို့သစ်၊ ရွှေဆင်မြို့သစ်၊ ငြိမ်းချမ်းရေးမြို့သစ်၊ ဖုလီချိန်(နဂါးညီနောင်)မြို့သစ်များ တိုးလာပြန်သည်။ တောင်ဘက်တွင် ပါစင်ကျော်ကျေးရွာနှင့် မဝေးတော့။ အရှေ့ဘက်တွင် တရုတ်ပြည်ထဲက နမ့်စန်မြို့လေးနှင့် တစ်ခေါ်လောက်သာ ဝေးတော့၏။ နောက်တစ်ကြိမ် ပြန်အရောက် ယခင်နေရာဟောင်းလေးများကို အထက်တန်းကျောင်းဘေး မြေကွက်လပ်မှာရပ်၍ အမှတ်ရစွာ ကြည့်ခဲ့မိသေး၏။ ကုန်းကြမ်းနှင့် ချင်းရွှေဟော်က မြို့နယ်အဆင့်များဖြစ်၍ လောက်ကိုင်ကို ခရိုင်အဆင့်သို့ တိုးမြှင့်ပေးပြီးဖြစ်သည်။ မြို့ပေါ်၌ အထက်တန်းကျောင်းနှစ်ကျောင်းဖြစ်လာ၏။ ဆေးရုံက ၁၆ ခုတင်ဆံ့မှ ခုတင် ၅၀ ဆေးရုံအဆင့်သို့ ပြောင်းလဲတိုးမြှင့်ပေးခဲ့သည်။ ယခင်ဆေးရုံ၌ ကျွန်တော်တို့ နေစဉ်က ပလောင်တိုင်းရင်းသူကြီးတစ်ဦး ရောက်လာပြီး ပလိုင်းထဲမှ ကြက်ဥများထုတ်၍ တာဝန်ခံဆရာဝန် ဒေါက်တာအောင်ရွှေဖြူထံ ပေးသည်။ လက်ဆောင်ပေးတာ၊ ကန်တော့တာဟု ထင်ရသော်လည်း ပလောင်လို ပြောနေ၍ နားမလည်။ စကားပြန်နှင့် သေချာစွာမေးတော့မှ ဆေးရုံမှာ သူ့လူနာရှိကြောင်း၊ အလုပ်မအား၍ ခဏခဏလာမကြည့်နိုင်ကြောင်း၊ ဆရာဝန်ကပဲ သူ့ကို ထမင်းချက် ကျွေးလိုက်ပါ ဟူ၏။ ဟန်ဆောင်မှုကင်း၍ ရိုးသားပွင့်လင်းသော သွေးချင်းများကို အမှတ်ရမိသည်။

နားလီနှင့် မန်တုံပါးမှ ကြံစိုက်ခင်းများရှိရာသို့ ရောက်လေတိုင်း တာရွှေထန်ဘက်သို့ ကျွန်တော်ငေးကြည့်မိတတ်သည်။ အနောက်ရိုးမနှင့် ဆင်ဆင်တူ၍ ရွာကိုသတိရသည်။ တာရွှေထန်သို့ ကွေ့ကောက်တက်သွားသော မြေနီလမ်းကလေးကို အဝေးမှမြင်နေရ၏။ တာရွှေထန်သည် ဖက်ဆစ်တို့ကို တွန်းလှန်ခဲ့သော နေရာလည်း ဖြစ်ဖူး၏။ ဗကပလက်ထက်၌လည်း တိုက်ပွဲများ မကြာခဏဖြစ်တတ်၏။

လောက်ကိုင်မြို့ရှိ ဆက်သွယ်ရေးရုံးနှင့် ဂြိုဟ်တု ဆက်သွယ်ရေး တာဝါတိုင်။

လက်ဖက်ခြောက်ကောင်းကောင်း၊ သစ်ကြားသီးနှင့် ဆန်ကောင်းကောင်းထွက်လာသော အရပ်ဟု လူသိများသည်။ ယခု ပန်းဂျုံစိုက်ပျိုးရေးကြောင့် ပို၍လူသိများ ထင်ရှားလာခဲ့သည်။

ထိုစဉ်အခါက လောက်ကိုင်–ကုန်းကြမ်းလမ်းသည် မိုးတွင်းလုံးဝသွားမရ။ နွေခေါင်ခေါင်မှာပင် တွန်းတွန်းထိုးထိုး သွားနေရသည်။ တစ်ခါက ကုန်းကြမ်းသို့သွားရောက်လိုသော နည်းဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရီ (ယခု ညွှန်ကြားရေးမှူးချုပ်၊ လဝက)၏ ယာဉ်တန်း ကုန်းကြမ်းမရောက်မီ ဗွက်နစ်သည်။ မြင့်စိုး– ငါ့ကိုကူဦးဟု ဆက်သွယ်ရေးစက်ဖြင့် စာတိုပို့လာ၍ နတလပိုင် ထွန်စက်သုံးစီးနှင့် ကားများကို ဆွဲပေးရသည်။ ကျွန်တော်သည် တပ်မ(၅၅) ကွန်မန်ဒိုတပ်ခွဲ၌ သူ၏တပ်စုမှူးဖြစ်ခဲ့၍ သံယောဇဉ်က မကုန်ကြ။ ယနေ့ လောက်ကိုင်–ကုန်းကြမ်းလမ်းကို အဆင့်မြှင့် ဖောက်လုပ်လျက်ရှိသည်။ တစ်ဖန် မုံးစီး–တာပါး–တာရွှေထန်လမ်းဖောက်လုပ်၍တာပါးတံတား တည်ဆောက်ပြီးစီးပါက မူဆယ်–ကွတ်ခိုင်–လားရှိုးဒေသအတွင်းသို့ သွားလာရေး၊ ရောင်းဝယ်ဖောက်ကားရေး အဆင်ပြေချောမွေ့ဦးတော့မည်။

ကိုးကန့်ဒေသ၏ အထူးခြားဆုံးသောအချက်မှာ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ဒေသတစ်ခုလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ၌ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ပန်းတိုင်သစ်စီမံကိန်းကလည်း ကိုးကန့်ဒေသအတွင်းသို့ ထိထိမိမိ ထိုးဖောက် ဝင်ရောက်လျက်ရှိသည်။ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာစေရန် ကူညီပံ့ပိုးပေးခဲ့သည်။ ဒေသခံတိုင်းရင်းသားများ ရိက္ခာဆန် အခက်အခဲ မရှိစေရန်လည်း နိုင်ငံတော်အနေဖြင့် စီမံဖြည့်ဆည်းပေးခဲ့သည်။

(၅)

ရှေးအခါက မာလီပါဟုထင်ရှားခဲ့သော ကိုးကန့်ဒေသ လွင်ပြင်ကျယ်ကြီးထဲမှ လောက်ကိုင်ရွာငယ်ကလေးသည် ငြိမ်းချမ်းရေးရယူပြီးစမှာပင် လောက်ကိုင်မြို့အဖြစ်ကူးပြောင်းခဲ့သည်။ ထိုမှ ဆယ်စုနှစ်တစ်ခုမစွန်းမီ ကာလအတွင်းမှာပင် ဖွံ့ဖြိုးတိုးတက်စည်ပင်ပြန့်ပြောလာခဲ့သည်။ အဆင့်မီဟိုတယ်ကြီးများ၊ ဈေးများပေါ်ပေါက်လာခဲ့သည်။ လမ်းအသွယ်သွယ်၌ ပုဂ္ဂလိကဆေးခန်းများ၊ စားသောက်ဆိုင်များ၊ အရောင်းခန်းမများ တိုးတက်များပြားလာသလို ဂြိုဟ်တုစလောင်းများကလည်း လက်ညှိုးထိုးမလွဲရှိနေသည်။ လျှပ်စစ်မီးရောင်ထိန်ထိန်ညီးညီးဖြင့် ညဘက်တွေ့မြင်ရသော လောက်ကိုင်မြို့အလှက တစ်မျိုးဖြစ်သည်။ ဟိုမှသည် ပြေးလွှားနေသော တက္ကစီဆိုင်ကယ်လေးတွေက တဝီဝီနှင့်။ ကားကြီး၊ ကားငယ်၊ ကားကောင်း၊ ကားသန့် အသွယ်သွယ်ကလည်း ဥဒဟိုသွားလာလျက်။

ဗကပ လက်ထက် အရှေ့မြောက်ဒေသတစ်ခွင် မင်းမူခဲ့သည့် မှုန်ပျပျကြယ်နီ၏အလင်းရောင်အောက်တွင် ကိုးကန့်တိုင်းရင်းသားတို့ နှစ်ပေါင်း ၂၀ နီးပါးမျှ စမ်းတဝါးဝါး လျှောက်လှမ်းခဲ့ကြရသည်။ ၁၉၈၉ ခုနှစ် မတ်လ ၁၁ရက်နေ့မှစ၍ ငြိမ်းချမ်းရေးအလင်းရောင်ရခဲ့၏။ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို လက်တွေ့ခံစားကြရပြီဖြစ်သည်။

အကယ်တန္တု ကိုးကန့်ဒေသ၌ ယနေ့အချိန်ထိ ငြိမ်းချမ်းရေး တည်ဆောက်ရယူနိုင်ခြင်း မရှိခဲ့ပါလျှင် ကျွန်တော်ရေးသားတင်ပြနိုင်မည့် အကြောင်းအရာမှာ ကွမ်းလုံဒေသ၏ မြောက်ဘက်အရပ်ဖြစ်သော မာလီပါလွင်ပြင်ထဲတွင် လောက်ကိုင်ဟုခေါ်သည့် ကျေးရွာငယ်လေးတစ်ရွာ တည်ရှိနေသည် ဟူ၍သာ---။ ။

မင်းဘူး အရှင်ပညာဝံသ တရားပွဲများ

ရန်ကုန် စက်တင်ဘာ ၈

သန်လျင်မြို့ ရွှေနံ့သာပရိယတ္တိ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်မှ နယ်လှည့်ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ မင်းဘူးအရှင်ပညာဝံသ(ဓမ္မစရိယ) အရှင်သူမြတ်သည် စက်တင်ဘာ ၁၀ ရက်နေ့တွင် သုဝဏ္ဏမြို့ အဖွဲ့ခွဲ (၄၈)၌လည်းကောင်း၊ စက်တင်ဘာ ၁၅ မှ ၁၉ ရက်အထိ တွံတေးမြို့ ခလုတ်ကျောင်းကြီး၌လည်းကောင်း၊ စက်တင်ဘာ ၂၁ မှ ၂၅ ရက်အထိ နတ်တလင်းမြို့ ကဥ္စနာပုံကျောင်း၌လည်း ကောင်း၊ ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး အလုပ်ပေး တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

သစ်ဖောင်တွေဆင်း တော်သလင်း

ဒဂုန်ဝတ်မှုန်

တော်သလင်းလ၏ ရှေးကခေါ်ဝေါ်ခဲ့သော အမည်သည်ကား **သစ်ဆင်းလ** ဖြစ်ပါသည်။ သစ်ဆင်းဆိုသည်မှာ သစ်များစုန်ဆင်းသောလဟု ဆိုလိုပါသည်။ မြစ်ညာမှ သစ်များကို အောက်အကြေသို့ မြစ်တွင်းမှ မျောဆင်းသောအခါ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ကာလ မျှောခဲ့လျှင်ရေများ၍ ရေစီးပြင်းထန်နေသောကြောင့် မမျှောချဝံ့ပါချေ၊ ရေနည်းသော သီတင်းကျွတ်၊ တန်ဆောင်မုန်းစသော လတို့၌လည်း ရေအားနည်းပါးသောကြောင့် သစ်မျှောရန် မလွယ်ကူပါချေ။ တော်သလင်းလမှာ ရေအင်အား သင့်တင့်လှ၍ ရှေးကာလက တော်သလင်းလ၌ သစ်ဖောင်မျှောချကြသည်။ များသောအားဖြင့် သစ်စုန်ဆင်းသောလဖြစ်ခြင်းကြောင့် ရှေးအခါက **သစ်ဆင်းလ** ဟု ခေါ်ကြပါသည်။ အဆိုပါ သစ်ဆင်းလကိုပင်လျှင် နှောင်းလူများက ယနေ့အထိ တော်သလင်းလဟု ခေါ်ကြပါသည်။

ရေယာဉ်စမ်းငယ်နှင့်၊ သောင်ကမ်းဝယ်ပြည့်လျှံ၊
မြစ်လုံးငယ်ညံသည်၊ လှော်တက်သံမြိုင်မြိုင်နှင့်
လှေပြိုင်ကျင်းတဲ့၊ လကိုလေး။
“ကန်”ရာသီငယ်၊ ခါမီသင့်စွာ
ဖွဲ့အာကာမှာ၊ ပြုဗ္ဗာဘဒြပိုဒ်
ကြက်ညီနောင် တောင်တစ်ဝိုက်က
ရေလိုက်ကယ်သဘင်၊ စံစံပယ် ရွှင်သောခါ
မြိုင်ခွင်လုံးကန္တာမှာ၊ ရွှေရင်းမာပန်းတော်မင်းက
သင်းလှတယ်လေး။ ။

တော်သလင်းလ၌ လေငြိမ်သက်၍ မြစ်တွင်းသာယာသောကြောင့် ရှေးမင်းများ လှေပြိုင်ပွဲကျင်းပတတ်ကြပါသည်။ မြန်မာနိုင်ငံ အချို့မြစ်ကမ်းနဖူးရှိ မြို့များ၊ ရွာများ၌လည်း လှေပြိုင်ပွဲကျင်းပမြဲ ထုံးတမ်းစဉ်လာရှိတတ်ကြပါသည်။ ရာသီအားဖြင့် **ကန်** ရာသီဖြစ်၍ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်နှင့် စန်းယှဉ်ပါသည်။ ရွှေရင်းမာ ပန်းရနံ့ကလည်း တော်သလင်းလမှာ သင်းပျံ့မွှေးကြိုင်လျက် ရှိနေပါသည်။

ဤသည့် တော်သလင်းလပြည့်နေ့ကိုလည်း **ဂရုဓမ္မ အခါတော်နေ့** ဟု သတ်မှတ်၍ ဂရုဓမ္မအခါတော်နေ့ကို ကျင်းပတတ်ကြပါသည်။ **ဂရုဓမ္မ** ဟူသည် အလေးအမြတ် ပြုရမည့်တရား၊ အလေးအမြတ် ပြုရမည့်အကျင့်ဟု ဆိုကြသည်။ ဂရုဓမ္မအခါတော်နေ့ဟု ခေါ်ဝေါ်သတ်မှတ်ခြင်းအကြောင်း ကိုလည်း သိထားသင့်၍ လက်လှမ်းမီသမျှ ဖော်ထုတ်လိုက်ရပါသည်။

ကုရုတိုင်းသားများကျင့်သုံးသော သီလဖြစ်သောကြောင့် **ကုရုဓမ္မ** ခေါ်သည်။ ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည် (ယခုအခေါ် နယူးဒေလီ)၌ ဓနဉ္စယကောရဗျမင်းကြီး မင်းပြုသောအခါ ဘုရားအလောင်းတော်သည် ဓနဉ္စယ ကောရဗျမင်းကြီး၏ မိဖုရားကြီး ဝမ်းကြာတိုက်၌ ပဋိသန္ဓေနေကာ ဖွားမြင်လာခဲ့သည်။ အရွယ်ရောက် သောအခါ တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ယူပြီး ပြန်ရောက်သောအခါ အိမ်ရှေ့မင်း ဖြစ်လာသည်။ ခမည်းတော် ဘုရင်ကြီး ကွယ်လွန်၍ မင်းအဖြစ်သို့ရောက်သောအခါ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်၍ ပြည်သူပြည်သားတို့အား ကုရုဓမ္မခေါ် ငါးပါးသီလကို ကျင့်သုံးဆောက်တည်စေသည်။ အလှူမဏ္ဍပ်ကြီးများထိုးကာ နေ့စဉ်နေ့စဉ် တစ်နေ့လျှင် ခြောက်သိန်းအကုန်အကျခံ၍ အလှူဒါန ပြုလုပ်ပါသည်။ တိုင်းသူပြည်သားတို့၏ သီလတန်ခိုးကြောင့် ကုရုတိုင်းတွင် မိုးလေဝသမှန်ကန်ကာ သာယာအေးမြချမ်းသာစွာ နေထိုင်ကြရသည်။

ကလိင်္ဂတိုင်း၌ကား မိုးခေါင်သဖြင့် အစာရေစာများ ခေါင်းပါးရှားပါးနေပါသည်။ အာဟာရ ချို့တဲ့သဖြင့် ရောဂါများ ဖြစ်ပွားလာပါတော့သည်။ **ကလိင်္ဂတိုင်း** ဒန္တပူရပြည့်ရှင် ဘုရင်မင်းသည် ပြည်သူပြည်သားတို့၏ ဆန္ဒအတိုင်း ဒါနပြုခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းများကို ပြုလုပ်သည်။ သို့ပါသော်လည်း မိုးကမရွာချေ။ ကလိင်္ဂတိုင်းသားတို့က ကုရုတိုင်း၌ မိုးကောင်းသည်မှာ ဣန္ဒပတ္တနဂိုရ်ပြည်၌ အဉ္ဇနဝဏ္ဏမည်သော မင်္ဂလာဆင် ရှိနေခြင်းကြောင့်ဖြစ်သည်ဟု မှတ်ထင်နေကြသည်။ ဆင်မင်းရောက်လာလျှင် မိုးရွာလိမ့်မည်ဟု မျှော်လင့်နေကြသည်။

ပုဏ္ဏားရှစ်ယောက်ကို စေလွှတ်၍ မင်္ဂလာဆင်တော်ကို တောင်းယူရာ လွယ်လွယ်ကူကူ ကုရုတိုင်းဘုရင်က ပေးလှူလိုက်ပါသည်။ ဆင်မင်းရောက်လာပါသော်လည်း မိုးကမရွာချေ။ ကုရုတိုင်း၌ မိုးရွာခြင်းအကြောင်းကို စုံစမ်းဆင်ခြင်ရာ ဓနဉ္စယကောရဗျမင်းသည် ကုရုဓမ္မ (ငါးပါးသီလ)ကို ကျင့်သုံးသည်။ တိုင်းသူပြည်သားအားလုံးလည်း ငါးပါးသီလကို ကျင့်သုံးကြသည်။ ယင်းသို့ ကျင့်သုံးသဖြင့် ၁၅ ရက် တစ်ကြိမ် မိုးရွာခြင်းဖြစ်သည်။ ကုရုတိုင်းသို့သွားရောက်ပြီး ကုရုဓမ္မ (ငါးပါးသီလ)ကို ရွှေပြားပေါ်၌ ရေးသား၍ ယူဆောင်လာပြီး ကုရုဓမ္မ (ငါးပါးသီလ) ကိုကျင့်သုံးကြ၍ မိုးလေဝသမှန်ကန်ပြီး ဆန်ရေစပါးများ ပေါများလာသည်။ ထိုအချိန်သည် မိုးတွင်းကာလဖြစ်ရမည်ဟူသော ယူဆချက်ဖြင့် တော်သလင်းလပြည့်နေ့ကို **ဂရုဓမ္မ အခါတော်နေ့** ဟု သတ်မှတ်ခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ် ဘိုးတော်(ဗဒုံ) မင်းတရားလက်ထက်တွင် ဂရုဓမ္မအမိန့်တော် ပြန်တမ်းတစ်စောင်ကို ထုတ်ပြန်ကာ ၁၁၄၆ ခုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် မြို့တွင်း၊ မြို့ပြင် လှည့်ပတ်၍ ဖတ်ကြစေပါသည်။ ထိုအမိန့်တော်ကို (၁၁၄၆)ခုနှစ် ဝါဆိုလဆန်း ၁ ရက်နေ့တွင် နာခံဖေယျနော်ရထာက ပြန်ဆိုခဲ့သည်။ အမိန့်တော်အစကို ဖော်ပြလိုက်သည်။

ပြည်သူတကာ သတ္တဝါအပေါင်းတို့-
သူ့အသက်သတ်ခြင်း
သူ့ဥစ္စာကို ခိုးခြင်း
သူ့အိမ်ရာကို ပြစ်မှားခြင်း
မဟုတ်မမှန်သောစကားကိုဆိုခြင်း
သေရည်သေရက်ကိုသောက်ခြင်း

တရားငါးပါးကို မကြဉ်ရှောင် ပြုကုန်သောသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံ၌ တလူးလူးလာလာ နစ်မွန်းကုန်ရသည်ဟု အစချီထားပြီး ထိုတရားများရှောင်ကြဉ်၍ ငါးပါး၊ ရှစ်ပါးသီလများ ဆောက်တည်ရန် တိုက်တွန်းထားသည်။

တော်သလင်းလ လေးချိုးငယ်ဖြင့် **သစ်ဖောင်တွေဆင်း တော်သလင်း** ဆောင်းပါးကို နိဂုံးချုပ်ပါသတည်း။ ခေတ်မီနိုင်ငံတော်ကြီး ကြီးပွားတိုးတက်ပါစေသော်။

ရွှေရင်းမာ ရှင်မြူးလို့၊ သင်ဖျူးသို့ မြစ်ကွင်းမှန်။
လှေပွဲသံတည်ညံနှင့်၊ အာကာယံ နေရဝိရယ်နှင့်
မေတမိနက္ခတ်ပန်းငယ်ကို၊ လှမ်းကြွတူစံ။
ရာသီငယ်“ကန်” အလျှံထိန်ပ။
ရွှေလစန္ဒာနှင့်၊ ဘဒြာကောင်းကင်နန်းဆီက
မြန်းသည့်ကာလ။ ။

ရုပ်ရှင်သရုပ်ဆောင်သင်တန်း (၂/၂၀၀၃) သင်ကြားပို့ချ သင်တန်းသား၊ သင်တန်းသူ ၆၃ ဦး တက်ရောက်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သရုပ်ဆောင်သင်တန်း (၂/၂၀၀၃)ကို စက်တင်ဘာ ၁ ရက်က စတင်သင်ကြားပို့ချလျက်ရှိသည်။

စက်တင်ဘာ ၁ ရက်မှ ၆ ရက်နေ့အထိ သင်တန်းဆရာများဖြစ်ကြသော ဆရာဦးထွန်းလှိုင်၊ ဦးမြင့်သိန်းဖေ၊ ဦးမြင့်စိုး၊ ဦးတင်ယု၊ ပန်းချီဦးစိုးမိုး၊ ဦးခင်ဇော်၊ ရဲဝန်ထမ်းဟောင်း တစ်ဦး၊ ဦးမျိုးမင်း၊ ဗိုလ်ကလေး ဦးတင့်အောင်တို့က သင်ကြားပို့ချကြသည်။

— ဟောပြောပို့ချ —

ထို့ပြင် ရှုမဝစမ်းစမ်းအေးနှင့် ခန့်စည်သူတို့ကလည်း ရုပ်ရှင်အတွေ့အကြုံများ ဟောပြောပို့ချကြပြီး သင်တန်းသူ၊ သင်တန်းသား ၆၃ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်သင်တန်းဖွင့်ပွဲအခမ်းအနားကို သီးခြားပြုလုပ်ရန် စီစဉ်ထားသည်။ **(ကြေးမုံ)**

ရုပ်ရှင်

ဝါဝါဝင်းရွှေရုပ်ရှင်မှ မကြာမီရုံတင်ပြသတော့မည့် ဒါရိုက်တာ ဝါဝါဝင်းရွှေ၏ “ညွှန်းစာဖွဲ့လို့မမီ”ဇာတ်ကားမှ ဝါဝါဝင်းရွှေနှင့် ထက်ထက်မိုးဦး။

ဘွာတေး

မျက်ခြယ်ဗွီဒီယိုမှ ထုတ်လုပ်၍ ဒါရိုက်တာ အေးကျော်ရိုက်ကူးသည့် “ဘွာတေး” ဇာတ်ကားမှ ကျော်သူနှင့် ခင်လှိုင်တို့၏ သရုပ်ဆောင်ဟန်။

ရွှေတောင်ရုပ်ရှင်မှ ရိုက်ကူးလျက်ရှိသော ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)၏ “တကယ်ချစ်တာယုံပါ” ဗီဒီယိုဇာတ်ကားမှ လွင်မိုးနှင့် နန္ဒာလှိုင်။

ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ကျပ်တစ်သိန်းလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကမကထ ပြုလုပ်ကျင်းပမည့် သီတင်းကျွတ် ရုပ်ရှင် သက်ကြီးပူဇော်ပွဲအတွက် ရုပ်ရှင်ဒါရိုက်တာ သီဟကျော်စိုးက ငွေကျပ်တစ်သိန်းပေးပို့လှူဒါန်းကြောင်း သိရသည်။ **(ကြေးမုံ)**

အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

ရွှေပြည်သာမြို့နယ် HELLO Language Centre II တွင် ဆရာ A.Z.Heinne နှင့် M.A(Eng:) Dip in E.L.T ဘွဲ့ရ ဝါရင့်ဆရာများက GCE, TOEFL စသည့် နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲသင်တန်းများနှင့် English Profeciency/ General English Studies အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ သဒ္ဒါ သင်တန်းများကို Communicative Language Teaching Method နည်းစနစ်ဖြင့် Computer-aided Audio-visual Teaching Facilities များကို အသုံးချ၍ သင်ကြား ပေးလျက်ရှိသည်။

ယခု စက်တင်ဘာလ ၁၃၊ ၂၀၊ ၂၇ ရက်များတွင် Basic Spoken English, E.P Beginner II & Upper/Inter; သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက် ရာဇဓိရာဇ်လမ်း ၅/၃၆၇ (နဝရတ်ဈေးအနီး) ဖုန်း- ၆၁၀၅၆၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

❒ **ရွှေဖုံးမှ**

ရှေးဦးစွာ ရွှေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများက **တို့အင်တို့အား** သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ ပညာရည်မြင့်မားရေးအတွက် ဘက်စုံကဏ္ဍစုံ၌ စနစ်တကျ စီမံချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုများကိုပါ အရေးပါသောအခန်းကဏ္ဍမှထည့်သွင်းပြီး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားများအတွက် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ရင်း ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာ ပညာရေးပူးပေါင်းဆောင်ရွက်မှုများတွင်လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ကောင်းမြတ်သောအစဉ်အလာ

ထို့ကြောင့် ၁၉၆၇ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စက်တင်ဘာ ၈ရက်ကို **နိုင်ငံတကာ စာတတ်မြောက်ရေးနေ့**အဖြစ် သတ်မှတ်ပေးခဲ့ချိန်ကစပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့်လည်း နှစ်စဉ်နှစ်တိုင်း နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားများကို အခြားသော ကမ္ဘာ့နိုင်ငံများ နည်းတူ ခမ်းနားသိုက်မြိုက်စွာ ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ကောင်းမြတ်သော အစဉ်အလာတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အတွက် ပိုမိုထူးခြားလေးနက်သော တိုးတက်ဖြစ်ထွန်းမှုတစ်ခုမှာ ၂၀၀၁ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကနေ ၂၀၀၃ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ ၁၀နှစ်တာကာလကို **ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်** (United Nations Literacy Decade: Education For All)အဖြစ် သတ်မှတ်ပြီး စာတတ်မြောက်ရေး၊ ဘဝသာယာရေးလုပ်ငန်းများကို နိုင်ငံအလိုက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် ယခုနှစ်သည် ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်၏ အဦးအစကာလ နိုင်ငံတကာအတွက်ရော မြန်မာနိုင်ငံအတွက်ပါ မင်္ဂလာရှိသော နှစ်ဖြစ်သည်နှင့်အညီ ခမ်းနားစွာကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားရေးသန္နိဋ္ဌာန်

ဤသို့ ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်၏ အဦးအစ မင်္ဂလာအခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့ စနစ်တကျ စီမံချမှတ်ဆောင်ရွက်လျက်ရှိသော ပြည်သူအများစာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ပိုမိုလေးနက်ခိုင်မာသော အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ထို့ပြင် နိုင်ငံတကာ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းများ၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ပိုမိုပြီးတက်ကြွစွာ အရှိန်အဟုန်မြှင့်တင် ပါဝင်ဆောင်ရွက်သွားကြရန်လည်း လိုအပ်သည်ဟု အလေးအနက်ပြောကြားလိုကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုတွင် အစဉ်အလာကောင်းနှင့် သမိုင်းကြောင်း အခြေခံကောင်းများရှိထားပြီးဖြစ်သည်နှင့်အညီ အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်ဖြင့် ယှဉ်တွဲပြီး **လူတိုင်းအတွက်ပညာရေး**နှင့်**လူတိုင်းအတွက် စာတတ်မြောက်ရေး**ကို အမျိုးသားရေးအနှစ်သာရနှင့် အမျိုးသားရေးအဓိပ္ပာယ်ရှိရှိ အချိတ်အဆက်မိမိဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လက်တွေ့ကျကျ

နိုင်ငံတော် အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကျောင်းနေစေရေး၊ ကျောင်းပညာပြီးဆုံးအောင် ကျောင်းနေမှန်၊ ကျောင်းနေမြဲစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်လွန်ကလေးများကိုလည်း အခြေခံစာတတ်မြောက်စေရေး၊ ယင်းမှတစ်ဆင့်တက်ပြီး လုပ်ငန်းအကျိုးပြု၊ ဘဝအကျိုးပြု စာတတ်မြောက်စေရေး၊ စဉ်ဆက်ပညာဆည်းပူးသွားစေရေးတို့အတွက် အမျိုးသားပညာရေး စီမံကိန်းအဆင့်ဆင့်တွင် ထည့်သွင်းချမှတ်ပြီး ကျောင်းပြင်ပ ပညာရေးလုပ်ငန်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး ပညာရေးမြှင့်တင်မှု အစီအစဉ်အရ ချမှတ်ထားသော **ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေး** စီမံချက်သည် အမျိုးသားပညာရေး၏ အခြေခံအကျဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး မူလတန်းပညာ ပြီးဆုံးသည်အထိ ကျောင်းနေလာရေးအတွက် အမျိုးသားရေးလူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် စီမံချက်ဝင်မြို့နယ်ပေါင်း ၁၄၄ မြို့နယ်၏ ကျောင်းနေနှုန်းသည် ၉၈ ဒသမ ၉၃ရာခိုင်နှုန်းရှိလာခဲ့ပြီဖြစ်သည်ကို တွေ့ရကြောင်း၊ တစ်နိုင်ငံလုံး၏ ကျောင်းနေနှုန်းသည်လည်း ၉၅ ဒသမ ၀၅ ရာခိုင်နှုန်းရှိလာခဲ့ပြီဖြစ်သည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်အကျိုးရလဒ်ကောင်းများဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ကျောင်းနေနှုန်းမြင့်မား

ဤအကျိုးရလဒ်နှစ်ရပ်စလုံးသည် ကမ္ဘာ့မူလတန်းကျောင်းနေနှုန်းအရ အသိအမှတ်ပြုထားသော အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၏ ၉၉ရာခိုင်နှုန်းနှင့် စက်မှုနိုင်ငံများဒေသ၏ ၉၇ရာခိုင်နှုန်းတို့နှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံသည် မူလတန်းကျောင်းနေနှုန်း မြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဆိုသည်မှာ ပေါ်လွင်ထင်ရှားနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်းအတွက် ပညာရေး (Education For All) စီမံကိန်းကြီး၏ အောက်တွင် ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးနည်းလမ်းနှစ်သွယ်ကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်စပ်အကောင်အထည်ဖော်လျက်ရှိသည်မှာ အတော်ပင် အရှိန်ရရှိနေပြီဖြစ်ကြောင်း။

စာမတတ်သူလုံးဝမရှိရေး

အနာဂတ်ကာလတွင် စာမတတ်သူ လုံးဝမရှိစေရေး ဦးတည်မျှော်မှန်းပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေး လှုပ်ရှားမှုများဖြင့် မူလတန်းလွန်ကျောင်းအစီအစဉ်များပေါင်းစပ်ပြီး ဆောင်ရွက်နေသကဲ့သို့ တစ်ချိန်တည်းမှာပင် ကျောင်းနေရွယ်လွန် သက်ကြီးစာမတတ်သူများအတွက် စာတတ်မြောက်ရေး"အ"သုံးလုံးကျေလုပ်ငန်းများနှင့် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်များကို နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ကျောင်းပြင်ပ ပညာရေးစီမံကိန်းကို တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ပြီး အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ စာတတ်မြောက်မှုနှုန်း မြင့်မားသော (က)အုပ်စုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် အခိုင်အမာရပ်တည်လျက်ရှိနေပြီဖြစ်ကြောင်း။

ထို့အတူပင် အခြေခံစာတတ်မြောက်ပြီးသော ဒေသများတွင် စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်များ၊ ဝင်ငွေတိုးပွားရေး အစီအစဉ်များနှင့် ဘဝသာယာရေး အစီအစဉ်များ ပါဝင်သော စဉ်ဆက်ပညာရေးစနစ် ဖြစ်ထွန်းအောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်လည်း ရှိနေပြီဖြစ်ကြောင်း။

စဉ်ဆက်ပညာရေး

စဉ်ဆက်ပညာရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ရပ်ရွာပညာပဒေသာဌာန (Community Learning Centres) များကို အရေးပါသောကဏ္ဍတွင် ထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်လည်းရှိသည့်အတွက် ရပ်သူရွာသားများအားလုံး အချိန်အခါမရွေး ဆုံစည်းရာ၊ အပန်းဖြေရာ၊ သတင်းအချက်အလက်ရယူရာ၊ အသက်မွေးဝမ်းကျောင်းပညာ ဆည်းပူးရာ၊ ရပ်ရေးရွာရေး တိုင်ပင်ဆွေးနွေးရာ ဌာနများဖြစ်သည့် ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၈၀ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုများ၌လည်း ၂၀၀၂ခုနှစ်တွင် စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်သော ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများ၌ စာတတ်မြောက်ရေး ကောက်သင်းကောက်လုပ်ငန်းများကို ဖြန့်ကြက်ဆောင်ရွက်ခဲ့၍ စာတတ်မြောက်သူ ၅၁၀၈၀ဦး ထပ်မံတိုးပွားလာခဲ့ကြောင်း၊ ၂၀၀၃ခုနှစ် စာတတ်မြောက်ရေးစီမံချက်အဖြစ် ဆောင်ရွက်သော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် အထူးအစီအစဉ်အဖြစ် ဆောင်ရွက်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)က သီပေါနှင့် သိန္နီမြို့နယ်များက ပြည်နယ်နှင့် မြို့နယ်လုံးကျွတ်စာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် စာမတတ်မြောက်သူ ၆၅၁၇၈ဦးအထိ စာတတ်လာကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသ နွေရာသီ "အ"သုံးလုံးသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၀၂ခုနှစ်အထိ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ရခိုင်ဒေသ၊ ကရင်ဒေသ၊ ပအိုဝ်းဒေသ၊ ပလောင်ဒေသ၊ ရှမ်းဒေသ၊ ကချင်ဒေသ၊ စစ်ကိုင်းတိုင်းက ကဘော်ချိုင့်ဝှမ်းဒေသနှင့် နာဂဒေသ စသည့် နယ်စပ်အစွန်အဖျားဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသား ၂၇၂၄၀ ဦး စာတတ်မြောက်လာခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင်၂၀၀၃ခုနှစ် နယ်စပ်ဒေသနွေရာသီ "အ"သုံးလုံးသင်တန်းများကို အစွန်အဖျားနယ်စပ်ဒေသများဖြစ်သော မော်ဖဒေသ၊ မိုင်းတုံမြို့နယ်မုံးထော်၊ မုံးထဒေသ၊ မိုင်းပန်မြို့နယ် ဟိုမိန်းဒေသတို့အပြင် ဖယ်ခုံမြို့နယ်၊ ဒီမောဆိုးမြို့နယ်နှင့် ဘော်လခဲမြို့နယ်များ၊ ကျိုင်းတုံအရှေ့ဒေသတွင်ဆိုလျှင် တာချီလိတ်မြို့နယ်နှင့် ကရင်ပြည်နယ်တွင် သံတောင်မြို့နယ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့သည့်အတွက် တိုင်းရင်းသား ၂၆၉၆ ဦး ထပ်မံစာတတ်မြောက်လာခဲ့ပြီဖြစ်ကြောင်း။

ပိုမိုမြင့်မားရေး

ထို့အပြင် စာတတ်မြောက်ရေးလုပ်ငန်း မဆောင်ရွက်ရသေးသော ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အချို့သောဒေသများ၌ ၂၀၀၄ခုနှစ် နွေရာသီတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးဖြစ်သော ပြည်နယ်နှင့်တိုင်းများတွင်လည်း စာတတ်မြောက်နှုန်း ပိုမိုမြင့်မားလာရေး ဦးတည်ပြီး အရှိန်ဟုန်မပျက်ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးလည်းဖြစ်ကြောင်း။

ယခုအခါ ပညာရေးဗျူဟာတစ်ရပ်အဖြစ် ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို ညီညွတ်မျှတစွာပေါင်းစပ်ပေးမည့် တန်းညှိအစီအစဉ် (Equivalency Programme) ဖြစ်သည့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် (Non-Formal Primary Education)ကိုလည်း အချို့ဒေသများတွင် စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

ဗျူဟာစီမံကိန်းရေးဆွဲ

ယခုနှစ်သည် ကမ္ဘာ့ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်၏ ပထမနှစ်ဖြစ်သည်နှင့်အညီ စာတတ်မြောက်ရေးဆိုင်ရာ လုပ်ငန်းများကို

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့် ၂၀၀၃ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အခမ်းအနားတွင် တက္ကသိုလ်/ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရ မဌေးအိအိ (မော်လမြိုင်ပညာရေးကောလိပ်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စနစ်တကျပြန်လည်သုံးသပ်ပြီး အရှိန်အဟုန်မြှင့်တင်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်နှုန်းသည် ၂၀၀၃ ခုနှစ်တွင် ၉၂ဒသမ ၂ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း၊ အနှစ်(၃၀) နှစ်ရှည်ပညာရေးစီမံကိန်း၏ ကျောင်းပြင်ပ ပညာရေးကဏ္ဍတွင် ၂၀၀၀–၂၀၀၅ခုနှစ်အတွင်း သက်ကြီးစာတတ်နှုန်းကို ၉၅ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားနိုင်ရန် ရည်မှန်းချက်ထားပြီး စီမံကိန်းများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း၊ အချိန်တိုကာလအတွင်း ရည်မှန်းချက်အောင်မြင်ပြည့်မြောက်စေရေးအတွက် ဗဟိုအဆင့်တွင်သာမက ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဒေသအခြေအနေနှင့် ဆီလျော်ကိုက်ညီသော ဗျူဟာစီမံကိန်း (Strategic Planning)များ ရေးဆွဲပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် စာတတ်မြောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေး ကြိုးပမ်းရာတွင် စီးပွားရေးအခြေခံကောင်းများ တည်ဆောက်ပေးရန်နှင့် လူသားအရင်းအမြစ်များဖွံ့ဖြိုးရေး၊ ဖြစ်ထွန်းရေးတို့သည် အလွန်အရေးပါလှကြောင်း၊ အတတ်ပညာရှင်၊ အသိပညာရှင်များစဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မှသာ မိမိနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးအတွက် ယင်းအတတ်ပညာရှင်၊ အသိပညာရှင်များက စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း လူတိုင်း စာတတ်မြောက်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ စာတတ်မြောက်ပြီးသူများကိုလည်း စာဖတ်ရှိန်မြှင့်တင်ရေးစသည့် အစီအမံများကို နိုင်ငံတော်အစိုးရက အလေးထားကြိုးပမ်းပေးနေခြင်းဖြစ်ကြောင်း၊ တစ်ပြိုင်တည်းမှာပင် ကုလသမဂ္ဂအဖွဲ့ကြီး၏ စာတတ်မြောက်ရေး လှုပ်ရှားမှုတိုင်း၌ စဉ်ဆက်မပြတ် တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

ဝိုင်းဝန်းပါဝင်

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်တွင် ပါဝင်သော ကျေးလက်ပညာရေးဖွံ့ဖြိုးမှုအစီအစဉ်၌ အပါအဝင်ဖြစ်သည့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေးနှင့် အနည်းဆုံး အခြေခံပညာ မူလတန်းပြီးဆုံးရေး၊ သက်ကြီး စာမတတ်သူပပျောက်ရေး၊ စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ပြီး မိသားစုဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေး လုပ်ငန်းများသည် အခြေခံအကျဆုံးနှင့် ပဓာနအကျဆုံး ပညာရေးလုပ်ငန်းများဖြစ်သည့်အတွက် ရည်မှန်းချက်အောင်မြင်အောင် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားလိုကြောင်း၊ မိဘပြည်သူတစ်ရပ်လုံးကလည်း ပညာရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် နှီးနှောဖလှယ်ကြိုးစားစွာဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပညာရေးကဏ္ဍက တာဝန်ရှိသူအားလုံးကို မှာကြားလိုသည်မှာ –

- **နိုင်ငံသူ နိုင်ငံသား တစ်ယောက်မကျန် စာတတ်မြောက်ရေးလုပ်ငန်းကို ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်အတွင်း အရှိန်အဟုန်မြှင့်တင်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးကြပါ၊**
- **ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံကိန်းလုပ်ငန်းစဉ်ကြီး အောင်မြင်ဖြစ်ထွန်းမှုကို စံပြုပြီး ရေရှည်တိုးတက်ဖြစ်ထွန်းစေရအောင် ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးကြပါ၊**
- **စာတတ်မြောက်ရေးမှသည် စာဖတ်ရှိန်မြှင့်တင်ရေး၊ မိသားစုဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးစသည့် စဉ်ဆက်ပညာရေး အစီအစဉ်များ အောင်မြင်စွာဖြစ်ထွန်းစေပြီး အစဉ်သင်ယူသင်ကြားနေသော မြန်မာ့လူ့ဘောင် အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**

ဟု တိုက်တွန်းမှာကြားကြောင်းဖြင့် ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများညှိနှိုင်းရေးမှူး ယာယီတာဝန်ခံ Mr. Najib Assifi က ဖတ်ကြားသည်။

ထို့နောက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်ဇော်က ဖတ်ကြားသည်။

ယင်းနောက် ရွှေတံဆိပ်ဆုရှင် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများက "လူတိုင်းအတွက်ပညာရေး"သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

အဖိတ်နေ့အမိန့်ဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ပြခန်းကြည့်ရှု

အခမ်းအနားပထမပိုင်း အစီအစဉ်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စိန်ရတုခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၀၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ပြခန်းကို ကြည့်ရှုကြသည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ရပ်ရွာပညာပဒေသာ ဌာနများအတွက် ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများက လှူဒါန်းသော ငွေကျပ် သိန်း၂၀၀ တန်ဖိုးရှိ စာအုပ်စာတမ်းမျိုးစုံ ၁၈၇၅၂၆ အုပ်နှင့် ငွေကျပ်ငါးသိန်းတို့ကို အခြေခံပညာ ကျောင်းသူများက ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က လက်ခံသည်။

ထို့နောက်၂၀၀၃ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အခြေခံပညာအလယ်တန်းဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်း မန္တလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်အာကာမျိုး၊ ဒုတိယဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်မျိုးနိုင်ဦးနှင့် တတိယဆုရ ပဲခူးတိုင်း ပြည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မောင်မင်းပြည့်စုံတို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ မဂျာဆန်းဘူ၊ ဒုတိယဆုရ ပဲခူးတိုင်း ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမေထူးသော်နှင့်တတိယဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ မထူးထူးထက်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မော်လမြိုင်ပညာရေးကောလိပ်မှ မဒွေးအိအိ၊ ဒုတိယဆုရ မန္တလေးပညာရေးကောလိပ်မှ မသင်းသင်းအောင်နှင့် တတိယဆုရ တောင်ကြီး ပညာရေးကောလိပ်မှ နန်းခင်ခင်ဝင်းတို့အားလည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မြိတ်တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဦးသန်းဝင်း (မောင်သန်းဝင်း–ရန်ကုန်တက္ကသိုလ်)၊ ဒုတိယဆုရ ဦးသန်းမင်းထိုက် (သန်းမင်းထိုက်–မြန်မာစာ)နှင့် တတိယဆုရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်စိုးယဉ်ပြုံး(သပြေနု)တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မျိုးဆက်သစ်တို့၏ သန္နိဋ္ဌာန်"ဇာတ်လမ်းကို ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ပွဲ စီးပွား/ ကူးသန်းက သတ္တုတွင်းကို ဂိုးပြတ်နိုင်

သတင်းဆောင်းပါး –ညီညီစိုးညွန့်၊ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၃–၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲအဖြစ် (ဃ)အုပ်စုမှ စီးပွား/ ကူးသန်းအသင်းနှင့် သတ္တုတွင်း အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ စီးပွား/ ကူးသန်းအသင်းက ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်း ခြောက်ဂိုး။

(ကျော်ဇင်ဝင်း–နှစ်ဂိုး၊ မင်းသူ၊ မျိုးမင်းထွန်း၊ ဇော်လင်းထွန်းနှင့် မာလ တစ်ဂိုးစီ)

သတ္တုတွင်းအသင်း ဂိုးမရှိ။

အကောင်းဆုံးဆု

ကျော်ဇင်ဝင်း (စီးပွား/ကူးသန်း)

ဒိုင်လူကြီး ဦးသိန်းမြိုင်။

စီးပွား/ကူးသန်းအသင်းမှာ အဖွင့်ပွဲတွင်မမျှော်လင့်ဘဲ အရေးနိမ့်ခဲ့သောကြောင့် ယနေ့ပွဲတွင် အနိုင်ရရှိရေး ပွဲစကတည်းက တောက်လျှောက်ထိုးဖောက်ကစားရာ သတ္တုတွင်းအသင်း ကြိုးစားကစားခဲ့သော်လည်း ပညာသမ္မာ၊ အတွေ့အကြုံ မယှဉ်နိုင်၍ စီးပွား/ကူးသန်းအသင်း ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။

စီးပွား/ကူးသန်း အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့ခြင်း ဖြစ်သည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆုရ ကျော်ဇင်ဝင်း (စီးပွား/ကူးသန်း)။

ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

ပွဲအပြီးတွင် ကြေးမုံက နှစ်ဖက်အသင်းများအား ယနေ့ပွဲနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။

စီးပွား/ကူးသန်း လက်ထောက်အုပ်ချုပ်သူ ဦးမြင့်သိန်းက "မိမိတို့ကလေးတွေ ပထမပွဲထက်ကစားကွက်နှင့် အံဝင်အောင် ကစားနိုင်ခဲ့ကြောင်း၊ ကလေးတွေကလည်း ဂိုးများများရရေး အားထုတ်ကစားခဲ့ရာ ဂိုးသွင်းခွင့်များကို အသုံးချနိုင်၍ ယခုလောက် ဂိုးပြတ်သွားခြင်းဖြစ်ကြောင်း၊ မိမိတို့အသင်း ယနေ့ပွဲ ဂိုးပြတ်အနိုင်ရသော်လည်း အားနည်းချက်များ တွေ့နေရသေးကြောင်း၊ မိုးထဲရေထဲ ကစားရတာကလည်းပါကြောင်း၊ အုပ်စုတက်ရန် အဆုံးအဖြတ်ပွဲ အဖြစ် ဘဏ္ဍာ/အခွန်နှင့် ကစားရမှာ ဖြစ်ကြောင်း၊ နိုင်မှသာ အုပ်စုတက်ရန် မျှော်လင့်နိုင်မည်ဖြစ်၍ ကျားကုတ်ကျားခဲ ကြိုးစားရမှာ ဖြစ်ကြောင်း" ကြေးမုံသို့ ပြောကြားသွားသည်။

သတ္တုတွင်းအသင်းနည်းပြ ဦးမျိုးသန့်က "မိမိတို့အသင်း အကောင်းဆုံးဖြစ်အောင် ကြိုးစားကစားခဲ့သော်လည်း အသင်းကြီးဖြစ်၍ မယှဉ်နိုင်ခဲ့ကြောင်း၊ အသင်းကြီး သုံးသင်းနှင့် ကစားရ၍ ကလေးများ အတွေ့အကြုံ အများကြီးရကြောင်း၊ စီးပွား/ကူးသန်း အသင်းမှာ လက်ရွေးစင်၊ လူငယ်လက်ရွေးစင် ပါသောကြောင့် အတွေ့အကြုံအများကြီးရှိ၍ ကောင်းကောင်း ကစားနိုင်ခဲ့ပါကြောင်း၊ ကလေးများ အတွေ့အကြုံရအောင် ယခုပွဲမှာ အရန်ကစားသမားတွေကိုပါ ထည့်သွင်းကစားခဲ့ကြောင်း၊ အမှတ်ပေးပြိုင်ပွဲမှာ အဆင့်ကောင်းကောင်း ရောက်အောင် ဆက်လက် ကြိုးစားသွားမှာ ဖြစ်ကြောင်း" ပြောကြားသွားသည်။

ယနေ့ပွဲ ကစားအပြီးတွင် (ဃ) အုပ်စု၌ ဘဏ္ဍာ/အခွန်က နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုကို ဦးဆောင်နေပြီး မြို့တော်စည်ပင်နှင့် စီးပွား/ကူးသန်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်စီဖြင့် နောက်မှလိုက်နေသည်။ သတ္တုတွင်းမှာ နှစ်ပွဲစလုံး ရှုံးထား၍ အမှတ် မရသေးချေ။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ
(အောင်ဆန်းကွင်း)
(က)အုပ်စု
ကာကွယ်ရေးနှင့်
တပ်မတော်ကြည်း(က)။

(ကြေးမုံ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

စက်တင်ဘာ ၈ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Bernard Du Chaffaut **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်း–ကျော်ဖုံး)

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉–၉–၂၀၀၃ (အင်္ဂါနေ့)

၁၃၆၅ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ နတ်သားတောရေလျှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အမှတ်(၃) အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ဒုတိယဆု)(အထက–၄၊တာမွေ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၅၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၀၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၂၀ ၆။ **၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး (ဝါသနာရှင်အဆင့်) (အမျိုးသား)**
၅:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၉။ ညနေခင်းသတင်း
၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၁။ Milo Success in Soccer
၇:၁၀ ၁၂။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း သတ္တမဆယ်စုနှစ် (အပိုင်း–၁)**
၇:၂၅ ၁၃။ ကြေးမုံရိပ်သွင်တေးနှယဉ်
၇:၃၅ ၁၄။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇:၄၅ ၁၅။ **၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆွေးနွေးခန်း(အဆိုပြိုင်ပွဲ)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း–၁၂)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ရတနာမဥ္ဇူမဗ္ဗရိပ်သာ ခုနစ်ရက်တရား စခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

ကမ္မဋ္ဌာနာစရိယဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်း ရတနာမဥ္ဇူမဗ္ဗရိပ်သာ၌ စက်တင်ဘာ ၁၈ရက် နံနက်မှစ၍ ၂၅ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မ ဇောတိကဓဇ) ဦးဆောင်သော ကမ္မဋ္ဌာနာစရိယများက ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စက်တင်ဘာ ၁၈ရက် နံနက် ၇နာရီအရောက် ရတနာမဥ္ဇူမဗ္ဗရိပ်သာသို့ လာရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

● **ကျောဖုံးမှ**

ကြာအင်းဆိပ်ကြီးမှလည်း မော်လမြိုင်သို့ လာနိုင်သည်။ ထို့အပြင် ဂျိုင်းမြစ်ကြောင်းဖြင့် ကရင်ပြည်နယ် ကျုံဒိုးမှ မော်လမြိုင်သို့ သင်္ဘောဖြင့် အသီးသီးလာနိုင်သည့် ရေကြောင်းလမ်းရှိသည်ဟု ကြားဖူးပြီး မိမိကိုယ်တိုင် တစ်ခါကဘားအံမှ မော်လမြိုင် လာဖူးသည်ကို ပြန်သတိရနေမိသည်။

တောက်လျှောက်သွားနိုင်

ယခုအခါ သံလွင်တံတား (မော်လမြိုင်)ကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးနေပြီဖြစ်၍ တံတားကြီးပြီးလျှင် ကော့သောင်း-မြိတ်-မော်လမြိုင်မှ ရန်ကုန်အထိ ရထား၊ ကားတို့ဖြင့် တောက်လျှောက် သွားလာနိုင်ကြပေတော့မည်ဖြစ်သည်။ သို့ဖြစ်၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားပြည်သူတို့အတွက် ကုန်းလမ်းပါသာပေတော့မည်ဖြစ်သည်။

အပြင်၌ မိုးတွေရွာနေ၍ ဒုတိယအင်ဂျင်နီယာမှူးရုံးခန်းတွင် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း အစီရင်ခံစာကို ဖတ်ကြည့်နေမိသည်။ လုပ်ငန်းအစီရင်ခံစာတွင် ဖော်ပြထားသည်မှာ သံလွင်တံတား(မော်လမြိုင်)သည် မုတ္တမမှ မော်လမြိုင်သို့ သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားပြီး ပင်မတံတားအရှည်မှာ ၇၆၉၉ပေ ရှိသည်။ ချဉ်းကပ်တံတား (ကားလမ်းမှာ) မုတ္တမဘက်ကမ်း၌ ၂၂၅၂ပေနှင့် မော်လမြိုင်ဘက်ကမ်း၌ ၁၆၂၄ပေ ပါဝင်ပြီး တံတားအရှည် စုစုပေါင်း ၁၁၅၇၅ ပေရှိ၍ လက်ရှိမြန်မာနိုင်ငံတွင် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ တံတားများ၌ အရှည်ဆုံးတံတားကြီးဖြစ်သည်။

တံတားအမျိုးအစား

တံတားအမျိုးအစားမှာ မီးရထားလမ်းတစ်လမ်း၊ ကားလမ်းနှစ်လမ်း ယှဉ်လျက်ရှိသော တစ်ထပ်တံတားဖြစ်ပြီး အပေါ်ထည်မှာ သံမဏိသံပေါင်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ပိုင်တိုင်အမျိုးအစားဖြစ်သည်။ ခွင့်ပြုယာဉ် အလေးချိန်မှာ မော်တော်ယာဉ်နှင့် ဝန်အလေးချိန် တန် ၆၀ ခွင့်ပြုနိုင်သည်။

တံတားပေါ်၌ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ ပေနှင့် လူသွားလမ်းတစ်ဖက်တွင်ခြောက်ပေစီ ပါရှိမည်ဖြစ်ပြီး တံတားရေအောက် ကင်းလွတ်နယ်မြေမှာ အမြင့် ၄၆ပေနှင့် အကျယ်ပေ ၃၂၈ ပေရှိသည်။

ချဉ်းကပ်တံတား (ရထားလမ်းမှာ) ရေလယ်ပင်မတံတားပေါ်၌ ၇၆၉၉ပေ၊ မုတ္တမဘက်ကမ်း၌ ၁၀၀၅၁ ပေနှင့် မော်လမြိုင်ဘက်ကမ်း၌ ၈၇၁၆ပေ အပါအဝင် စုစုပေါင်း ရထားလမ်းအရှည် ၂၆၄၆၆ပေ၊ မိုင်အားဖြင့် ငါးမိုင်ပါရှိမည်ဖြစ်သည်။

နေ့ညမရွေးဆောင်ရွက်

သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် ပင်မတံတားလုပ်ငန်း၊ ချဉ်းကပ်ကားနှင့် ရထားတံတားလုပ်ငန်း၊ ချဉ်းကပ်မြေသားလုပ်ငန်း၊ ပင်မတံတား သံမဏိသံပေါင်များတင်ခြင်းလုပ်ငန်းတို့ကို နေ့ညမရွေး ဆောင်ရွက်လျက်ရှိနေကြောင်းတို့ကို သိရသည်။

ရထားတစ်လမ်း၊ ကားနှစ်လမ်းပါဝင်ပြီး မြန်မာပြည်၌ အရှည်ဆုံးတံတားကြီးဖြစ်လာမည့် သံလွင်တံတား (မော်လမြိုင်)ကို မုတ္တမဘက်ကမ်းလုပ်ငန်းခွင်၌ ဤသို့ သံပေါင်ကြီးများ တပ်ဆင်လျက်ရှိသည်ကို တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်(ကြေးမုံ)

အပြင်တွင် မိုးက တိတ်သွားသည်။ သံလွင်တံတား(မော်လမြိုင်) စီမံကိန်းမုတ္တမဘက်ကမ်း၏ ဆောင်ရွက်နေမှုစီမံကိန်းလုပ်ငန်းများကို ကရိန်းနှင့်ချိတ်ဆက်ထားသော သံမဏိပုခက်ခေါ်လှောင်အိမ်ကလေးနှင့် အထက်သို့လိုက်ပါပြီး ဓာတ်ပုံများ ရိုက်ကူးကြသည်။

ရည်ရွယ်တည်ဆောက်

သို့ဖြစ်၍ မိမိသည် သံလွင်တံတား (မော်လမြိုင်) စီမံကိန်း မုတ္တမဘက်ကမ်းတည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအုန်းဟန်နှင့်တွေ့ဆုံမေးမြန်းခဲ့ရာ ဦးအုန်းဟန်က ၎င်းသည် ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ) ရာထူးနှင့် သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးမှာ မုတ္တမဘက်ကမ်းကို တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း၊ မိမိတာဝန်ယူရသည့် မုတ္တမဘက်ကမ်းကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလမှာ စတင်တည်ဆောက်ခဲ့ပြီး ပြီးစီးရန် လျာထားချက်မှာ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ၌ ကားကူးနိုင်သည့် တံတားအဖြစ် ပြီးစီးရန် ရည်ရွယ်တည်ဆောက်လျက်ရှိကြောင်း။

မုတ္တမဘက်ကမ်း မိမိတာဝန်ယူတည်ဆောက်ရသည့် အပိုင်းမှာ ချဉ်းကပ်တံတား ၃၇တိုင်၊ ၃၇ခန်းနှင့် ပင်မတံတားက ၁၁တိုင် ရှိကြောင်း၊ ယခုအခါ ပင်မတံတား ၁၁တိုင်အနက် ကိုးတိုင်မှာ အုတ်မြစ်လုပ်ငန်း လုံးဝပြီးစီးသွားပြီး ခြောက်တိုင်မှာ သံပေါင်တင်နိုင်သည့်အဆင့် ရောက်နေပြီး သံပေါင်များ တင်လျက်ရှိကြောင်း၊ ကျန်နှစ်တိုင်မှာလည်း ရေလယ်၌ ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်သော်လည်း သံပေါင်တင်သည့်နေရာ ရောက်သွားလျှင်မှု အဆင်သင့် ပြီးနေမှာဖြစ်ပါကြောင်း။

သံပေါင်တင်

သံပေါင်တင် မင်္ဂလာအခမ်းအနားကို ၂၀၀၃ခုနှစ် မတ်လ ၃၀ရက်နေ့က အခမ်းအနားနှင့် တင်ခဲ့ကြောင်း၊ အခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း။

သံပေါင်များကို ဆောက်လုပ်ရေးရုံးချုပ် အစီအစဉ်ဖြင့် တင်ဒါခေါ်ပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (CHMC) ကုမ္ပဏီထံမှ ဝယ်ယူခဲ့ကြောင်း၊ တပ်ဆင်သည့် လုပ်ငန်းကို မြန်မာအင်ဂျင်နီယာအဖွဲ့နှင့် ကျွမ်းကျင်သူများက ဆောင်ရွက်ကြကြောင်း။

ထူးခြားချက်

ယင်းတံတား တည်ဆောက်ရာတွင် ထူးခြားသည်မှာ မြစ်သုံးဆိုင်၏ အောက်၌ ကျောက်သုံးမျိုးတွေ့ရကြောင်း၊ ယင်းကျောက်များမှာ Shale Stone(ရှေးစတုံး)၊ Sand Stone (ဆင်းစတုံး) နှင့် Quortize (ကွာဇိုက်) ဆိုသည့် ကျောက်များဖြစ်ကြောင်း၊ ၎င်း ကျောက်လွှာတွေကို ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဝယ်ယူပေးသည့် စက်သစ်ကြီးများဖြင့် ကျောက်လွှာများ၏ အောက် ၅၂ပေအထိ ဖောက်ပြီး ဘိုးပိုင်တွေကို မြစ်ရေအတွင်း ပေ ၁၀၀နှင့် ကျောက်လွှာအောက် ၅၂ပေ စုစုပေါင်း ပေ ၁၅၀ခန့် တည်ဆောက်ထားသည့်အတွက် မိမိတို့၏ အုတ်မြစ်များသည် ခိုင်ခိုင်မာမာ ရာသက်ပန် တည်ရှိနိုင်သည်ဟု ယုံကြည်ပါကြောင်းတို့ကို ပြောကြားသည်။

သံလွင်တံတား (မော်လမြိုင်) စီမံကိန်းကြီးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး တံတား(အထူး) အဖွဲ့က နေ့ညမနားဘဲ ကြိုးပမ်းတည်ဆောက်နေကြသည်။ ဤတံတားကြီးပြီးစီးလျှင် မြန်မာနိုင်ငံ၏ အစွန်အဖျားဒေသမှ တိုင်းရင်းသား သွေးချင်းသားချင်းများသည် ရန်ကုန်မြို့သို့ ကား၊ ရထားတို့ဖြင့် ခရီးတောက်လျှောက် သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း သတင်းစကားကို ကွင်းဆင်းလေ့လာ ရေးသားဖော်ပြလိုက်ရပါသည်။

(ကြေးမုံ)

သံလွင်တံတား(မော်လမြိုင်) ပင်မတံတားကြီးတွင် တပ်ဆင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (CHMC) ကုမ္ပဏီမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ် အစီအစဉ်ဖြင့် ဝယ်ယူရောက်ရှိလာသော သံမဏိ သံပေါင်ကြီးများကို မုတ္တမဘက်ကမ်း၌ ဘူတာမှ ကရိန်းများဖြင့် သယ်ချစဉ်။ ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်(ကြေးမုံ)

အင်္ဂလိပ်စာ၊ အင်္ဂလိပ်သဒ္ဒါ သင်တန်းများ ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ် (၂၂၇)တွင် အင်္ဂလိပ်စာ၊ အင်္ဂလိပ်သဒ္ဒါသင်တန်းများ၊ အင်္ဂလိပ်စာအရေးသင်တန်းများ၊ English Four Skills သင်တန်းများ၊ IELTS , TOEFL, GCE(English) သင်တန်းများ၊ U.F.L သင်တန်းများကို ဆရာဦးလှမြင့် (အလှသစ်) ကိုယ်တိုင် သင်ကြားပို့ချပေးမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ်(ဒဿနိကဗေဒ) (ခ) ပထမနှစ် (သမိုင်း)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါမယ်ရှင် (အပိုင်း-၁၂)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားက မြစ်တစ်စင်း (အပိုင်း-၂၄)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ဒုတိယရှေ့နေချုပ်များ ပြန်လည်ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၈

နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် ပတ်သက်ပြီး ရှင်းလင်းညွှန်ကြားချက်ကို ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်နှင့် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်တို့က မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဥပဒေအရာရှိများအား ပြန်လည်ရှင်းလင်းပွဲကို စက်တင်ဘာ ၃ ရက်က မန္တလေးရှေ့နေချုပ်ရုံးခွဲ၌ ကျင်းပသည်။

ရှင်းလင်း

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်သည် စက်တင်ဘာ ၃ ရက်တွင် ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်အတွင်းရှိ ဥပဒေအရာရှိများအားလည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် ညောင်ဦးခရိုင်အတွင်းရှိ ဥပဒေအရာရှိများအားလည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင် မိတ္ထီလာခရိုင်အတွင်းရှိ ဥပဒေအရာရှိများအားလည်းကောင်း နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် ပတ်သက်ပြီး ရှင်းလင်းညွှန်ကြားချက်ကို ပြန်လည်ရှင်းလင်းသည်။

ထို့နောက် ဒုတိယရှေ့နေချုပ်သည် ပြင်ဦးလွင်ခရိုင်ဥပဒေရုံး၊ တောင်သာမြို့နယ် ဥပဒေရုံး၊ ကျောက်ပန်းတောင်းမြို့နယ်ဥပဒေရုံး၊ သာစည်မြို့နယ် ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးပြီး ဝဲလောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရေးငွေပဒေသာအတွက် အလှူငွေကျပ်နှစ်သိန်း၊ ကျောက္ကာတောင်ရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းကလည်း ကျောက္ကာတောင်ရွာ ရွာသူ၊ ရွာသားများ၏ သောက်သုံးရေဖူလုံစေရန် စက်ရေတွင်းအတွက် အလှူငွေကျပ်ငါးသိန်းငါးထောင်ကို တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ကောဒသမ အကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။
(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
(ဃ) မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း အောက်တိုဘာလထုတ်

ရန်ကုန် စက်တင်ဘာ ၈

အဝကျွန်းချစ်မောင် စီစဉ်ထုတ်ဝေသည့် ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်းမှာ မြန်မာနှင့် နိုင်ငံတကာရုပ်ရှင်ကို အခြေခံသည့် မဂ္ဂဇင်းဖြစ်သည်။

နိုင်ငံတကာရေးရာ စစ်တမ်း၊ စာပေဝေဖန်ရေး၊ သမိုင်းသုတ၊ ကမ္ဘာ့အံ့ဖွယ်၊ နိုင်ငံတကာပန်းချီ၊ ဂျပန်သို့သွားလျှင် နေ့စဉ်ကြုံဆုံရမည့် နေထိုင်ပြုမူရမည့် ဓလေ့ထုံးစံလမ်းညွှန်၊ ဝတ္ထု၊ ကဗျာ၊ နတ်တို့၏သမိုင်း စသဖြင့် သုတနှင့် ရသကဏ္ဍများ ဖော်ပြပါရှိသည်။

(အောက်ပုံ) (က-ပ)

ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ကျောင်းဆောင်သစ်တစ်ဆောင် လှူဒါန်းပွဲကို စက်တင်ဘာ ၂ ရက်က ကျင်းပရာ ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်မူက သဃ်ာန်းကျွန်းမြို့နယ် င/ကရပ်ကွက် ပန်းရိုက်လမ်း အမှတ်(၁၀)နေ အလှူရှင် ဦးကျော်အေး-ဒေါ်စိန်မြင့် (အောင်စိုးနိုင်-သံနန်းဆွဲလုပ်ငန်း)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

နာရေးကူညီမှုအသင်း(ရန်ကုန်) အလုပ်အမှုဆောင် ဖွဲ့စည်း

ရန်ကုန် စက်တင်ဘာ ၈

နာရေးကူညီမှုအသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ ၆ ရက်က သဃ်ာန်းကျွန်းမြို့နယ် ဗြမ္မဝိဟာရ စာသင်တိုက်တွင် ကျင်းပပြီး အမှုဆောင်များ ပြန်လည်ဖွဲ့စည်းရာ ဥက္ကဋ္ဌဦးအေးသန့်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီကျော်သူ)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝင်းမောင်၊ အတွင်းရေးမှူး ဦးညွန့်တင်၊ တွဲဖက်အတွင်းရေးမှူး(၁) ရွှေအင်းသားခင်မောင်ဝင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းဆိုင်၊ ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ရွှေဇီးကွက်)၊ ပြန်ကြားရေးခေါင်းဆောင် ဒေါ်သန်းမြင့်အောင်နှင့် အမှုဆောင်အဖွဲ့ဝင် ၂၇ ဦးတို့ဖြင့်အများသဘောတူ ဖွဲ့စည်းလိုက်ကြောင်း သိရသည်။ (က-ပ)



People Magazine အတွဲ(၂)၊ အမှတ်(၂) အသွင်သစ်ဖြင့် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၈

စိတ်ဝင်စားစရာ အကောင်းဆုံးကဏ္ဍများစွာကို သွက်သွက်လက်လက်၊ စိုစိုပြည်ပြည်နှင့် တစ်အုပ်လုံးကို ကြွေစက္ကူ၊ ရောင်စုံပုံနှိပ်ထုတ်ဝေထားပြီး Website (www. people. com. mm)ပေါ်တွင်ပါ တစ်ပြိုင်နက် ခံစားဖတ်ရှုနိုင်သော စက်တင်ဘာလထုတ် People Magazineအတွဲ(၂)၊ အမှတ်(၂) **(ဝဲပုံ)**ကို Inforithm-Maze Co., Ltd.က ဖြန့်ချိထားသည်။ တစ်နှစ်စာ ကြိုတင်မှာယူဖတ်ရှုလိုသူများထံသို့ အခမဲ့ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်းနှင့် မှာယူလိုသူများအနေဖြင့် ဖုန်း-၅၅၉၃၂၈၊ ၅၅၉၃၂၉၊ ၅၅၉၀၆၈ နှင့် ၅၅၉၀၆၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အီလက်ထရောနစ် စက်ပြင်သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

လူငယ်လူရွယ်များအတွက် အီလက်ထရောနစ် စက်ပြင်သင်တန်း(ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို၊ ဗွီစီဒီ) ပုံမှန်/အထူးသင်တန်းများကို ကျွမ်းကျင်သော ဆရာများကိုယ်တိုင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ အမှတ်(၁၀၀) ဦးရေခဲလမ်း (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ် ခဝဲခြံမှတ်တိုင်၊ ဖုန်း-၆၆၂၀၂၅သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

စက်တင်ဘာ ၅ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အလက(၄)တွင် အုပ်စု(၆) မိသားစုဝင် ကျောင်းများဖြစ်သော မ-၇၊ မ-၈၊ မ-၁၀၊ မ-၂၀၊ ကြည်စုအနောက် ကျောင်းများမှ အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေး ဆန်းစစ်လွှာ ဖြေဆိုကြရာ မြို့နယ်ပညာရေးမှူး ဦးမျိုးမြင့်ကျော်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

Aung Tharaphu GCE Training Center တွင် အင်္ဂလိပ်ဘာသာရပ်များဆိုင်ရာ GCE, TOEFL& IELTS စသည့် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရသင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ် ပုံမှန်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် TOEFL စာမေးပွဲအတွက် Mock Tests များကိုလည်း ကျောင်းသားများအတွက် အပတ်စဉ် စီစဉ်ပေးလျက်ရှိသည့်အပြင် TOEFL စာမေးပွဲကိုလည်း လစဉ် ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၁၀၅) လမ်းမတော်လမ်း သံဈေးရှေ့၊ ဖုန်း-၂၁၂၃၅၇ နှင့် ၂၅၂၈၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စာ အရေးသင်တန်းများ ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

ဆရာဒွေး မူပိုင်တီထွင်ပြုစုသည့် အခြေခံအင်္ဂလိပ်ဝါကျများကို အဆင့်မြင့်ရေးတတ်စေသည့် နည်းသစ်စာအုပ်(ပထမတွဲနှင့် ဒုတိယတွဲ)များတွင် ဝါကျတစ်မျိုးစီကို သုံးဆင့်သင်နည်းစနစ်ဖြင့် ရှင်းပြထားပြီး သားသမီးများကို ကိုယ်တိုင်သင်ပေးလိုသော မိဘများနှင့် တပည့်များကို သင်ပေးလိုသော ဆရာများအတွက် အတန်းမရွေး အသုံးပြုနိုင်သည့် အရေးသင်နည်း သစ် စာအုပ်များကို စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

ဆရာဒွေးကိုယ်တိုင် ယင်းစာအုပ်များဖြင့် တစ်ပတ်နှစ်ရက်တက်၊ ငါးလကြာမည့် အရေးသင်တန်းများကို လစဉ်ဖွင့်လှစ်လျက်ရှိရာ ဖုန်း-၂၈၆၈၇၁သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

အကူသူနာပြုပညာ သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

ချမ်းမြေ့မေတ္တာ သူနာပြုဝန်ဆောင်မှုလုပ်ငန်းက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အမျိုးသမီးငယ်များ ဘဝအာမခံချက်ရှိသော အသက်မွေးဝမ်းကျောင်းပညာ ရရှိစေရေး၊ ပုဂ္ဂလိကဆေးရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး၊ အကူသူနာပြု အတတ်ပညာဖြင့် မိမိတို့၏ မိသားစုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရေး စသော ရည်ရွယ်ချက်များဖြင့် အကူသူနာပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

သင်တန်း အမှတ်စဉ်(၁၅)ကို စက်တင်ဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး စာတွေ့လက်တွေ့ကို ဆရာဦးအောင်မြတ်ကျော် ကိုယ်တိုင်ဦးစီး သင်ကြားပေးမည် ဖြစ်သည်။ အခြေခံပညာ အထက်တန်းအဆင့်ရှိသူတိုင်း တက်ရောက်နိုင်ပြီး လစဉ်တန်းခွဲများရှိသည်။ စိတ်ပါဝင်စားသူများ အမှတ်(၁၃၆) လမ်း(၄၀) (အောက်) ကျောက်တံတား၊ ဖုန်း-၂၈၂၈၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပုဇွန်တောင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၆ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးရှင် မောင်ဆာရာဝါနာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ဖွံ့ဖြိုး စည်ပင် မြန်ပြည် တစ်ခွင်

ပုသိမ်တက္ကသိုလ်ကို ဤသို့ ထွားထွားစွင့်စွင့် ဖွင့်လှစ်နိုင်ခြင်းဖြင့် ပညာရေးကဏ္ဍမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည် ကြိုးပမ်းမှု အရှိန်အဟုန်ကို တိုးတက် မြင့်မားစေလျက် ရှိသည်။ (အပေါ်ပုံ)

ဇွဲဘတ် ရေထိန်းတံခါးသည် စိုက်ပျိုးရေ လိုအပ်ချက်နှင့် ရေကြီးမှုကို ထိန်းညှိကာကွယ် ပေးလျက်ရှိသကဲ့သို့ (အောက်ပုံ)

တနင်္သာရီတိုင်း မြိတ်မြို့တွင် မြိတ်–ထားဝယ် လမ်းပေါ်ရှိ ကျောက်ဖျာမြစ်ကို ဖြတ်သန်း တည်ဆောက်ထားသော ကွဲ့ကူး–ကျောက်ဖြာ တံတားကြီးသည် ပြည်ထောင်စုကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက် စည်ပင် စေရေးအတွက် မဏ္ဍိုင်တစ်ခု အဖြစ် မားမားမတ်မတ် ရပ်တည် လျက်ရှိသည်။ (ယာပုံ)(ကြေးမုံ)



ကွဲ့ကူး–ကျောက်ဖျာတံတားကြီး တည်ဆောက်

ဇွဲဘတ် ရေထိန်း တံခါး

မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်းပြိုင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူးကျင်းပသော မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် Kaung Myat Golf Open Championship ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ MPGAနှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်နှင့် အမှုဆောင်များ၊ RPMM မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အကောင်းဆုံးရိုက်ချက်

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းကစားအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ K.M. Golf Centre ဒါရိုက်တာ ဦးသိန်းတန်ဆွေက အမျိုးသား အပျော်တမ်းပြိုင်ပွဲ၌ နေ့အလိုက်အကောင်းဆုံး ရိုက်ချက် Daily Best ရရှိကြသည့် ဂေါက်သီးရိုက် အားကစားသမားများ ဖြစ်ကြသော ရိုက်ချက် ၇၁ချက်စီဖြင့် ပထမနေ့ပြိုင်ပွဲတွင် မျိုးမင်းအောင်နှင့် ဒုတိယနေ့ပြိုင်ပွဲတွင် သိန်းဇော်မြင့်တို့အား လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက တတိယနေ့ ပြိုင်ပွဲတွင် သိန်းဇော်မြင့် ၆၇ ချက်နှင့် မျိုးမင်းအောင် ၇၁ ချက်တို့အား လည်းကောင်း ဆုများကို ချီးမြှင့်ပေးအပ်ကြသည်။

နေ့အလိုက်ဆု

ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသည့် ဂေါက်သီးရိုက် အားကစားသမားများ ဖြစ်ကြသော စိုးကျော်နိုင် (Pan-West) က ပထမနေ့ပြိုင်ပွဲတွင် ၆၆ ချက်၊ ဒုတိယနေ့ ပြိုင်ပွဲတွင် ၆၈ ချက်နှင့် စတုတ္ထနေ့ပြိုင်ပွဲတွင် ၇၁ချက်နှင့် တတိယနေ့ ပြိုင်ပွဲတွင် အောင်ဝင်း (Y.C.D.C) က ၆၆ ချက်နှင့် စတုတ္ထနေ့ပြိုင်ပွဲတွင် မင်းနိုင် (Srixon) နှင့် ဝင်းအောင် (Pan-West) ၇၁ချက်စီတို့အား ဆုများကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အမျိုးသား အပျော်တမ်း ပြိုင်ပွဲတွင် စုစုပေါင်း ၂၈၇ ချက်ဖြင့် ပထမရရှိသော သိန်းဇော်မြင့်၊ စုစုပေါင်း ၂၉၃ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇင်ဝင်းနှင့် စုစုပေါင်း ၂၉၈ချက်ဖြင့် တတိယ ရရှိသော မျိုးမင်းအောင်တို့အား ဆုများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ၂၇၈ ချက်ဖြင့် ဗိုလ်စွဲသွားသော အောင်ဝင်း (Y.C.D.C)၊ စုစုပေါင်း ၂၇၉ ချက်ဖြင့် ယမန်နှစ်က ချန်ပီယံဟောင်း စိုးကျော်နိုင် (Pan-West) နှင့် စုစုပေါင်း ၂၈၇ ချက်ဖြင့် တတိယရရှိသော ဇော်ဇော်လတ် (Pan-West) တို့အား ဆုများကို ချီးမြှင့်ပေးအပ်သည်။

Rothmans of Pall Mall Myanmar Pte., Ltd မှ Joint Deputy မန်နေဂျင်း ဒါရိုက်တာ ဗိုလ်မှူးသိန်းအောင်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် အောင်ဝင်း (Y.C.D.C) အား ဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ပြီး မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်းကို ဂုဏ်ပြု အမှတ်တရလက်ဆောင် ပေးအပ်ချီးမြှင့်ရာ ဂေါက်ကွင်းဥက္ကဋ္ဌ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပုက လက်ခံသည်။

ပါဝင်ကူညီ

ယင်းပြိုင်ပွဲတွင် Main Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd က ဆောင်ရွက်ပြီး Title Sponsor အဖြစ် K. M. Golf Centre၊ Official Airline အဖြစ် Air Mandalay၊ Official Sports Wear အဖြစ် Grand Slam (Munsing Wear)၊ Official Hotel အဖြစ် Sedona Hotel (Mandalay)၊ Official Drinking Water အဖြစ် Loi-Hein (Alpine)၊ Official Office Equipment Supplier အဖြစ် Canon၊ Official Paint Supplier အဖြစ် UPG၊ Golf Equipment Supplier အဖြစ် Wilson၊ Ping၊ Tiger Beer၊ Mandalay Cement Industries Co., Ltd နှင့် ရေတံခွန်တောင် ဂေါက်ကွင်းတို့ကလည်း ပါဝင်ကူညီကြသည်။

မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော အောင်ဝင်း(YCDC)အား ဆုဖလားချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

သံယောဇဉ်ရုပ်သွင်များ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၈

ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ရေးသားသော သံယောဇဉ်ရုပ်သွင်များ စာအုပ်ကို အားမာန်သစ်စာပေ အမှတ်(၅၁) မန္တလေးလမ်း၊ ကန်တော်ကလေး ရန်ကုန်မြို့ ဖုန်း– ၂၅၁၉၂၃ က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

(က–ပ)

မြန်မာ–တရုတ် ချစ်ကြည်ရေးဘော်လီဘောပွဲ မြန်မာ့လက်ရွေးစင်က သုံးပွဲ–နှစ်ပွဲဖြင့် နိုင်

သတင်းဆောင်းပါး–ညီညီစိုးညွန့်၊ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၈

မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် တရုတ်လူငယ် ဘော်လီဘောလက်ရွေးစင်အသင်းတို့၏ ချစ်ကြည်ရေး ဘော်လီဘောပထမပွဲစဉ်ကို ယမန်နေ့ညနေ ၄နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရရှိသွားသော မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ပန်းစည်းများလဲလှယ်

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းနှစ်သင်း ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။ ထို့နောက် နှစ်ဖက်ကစားသမားများအား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jin Jun တို့က လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် နှစ်ဖက်ကစားသမားများ အထိမ်းအမှတ်အလံများ၊ ရင်ထိုးပန်းစည်းများ လဲလှယ်ကြသည်။

ထို့နောက် ချစ်ကြည်ရေးပထမပွဲစဉ်ကို စတင်ကျင်းပရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အသင်းက တရုတ်လူငယ် ဘော်လီဘောလက်ရွေးစင်အသင်းကို ၂၁–၂၅၊ ၂၅–၁၇၊ ၂၂–၂၅၊ ၂၅–၁၉၊ ၁၅–၁၁ သုံးပွဲနှစ်ပွဲဖြင့် အကြိတ်အနယ် ကစားကာ အနိုင်ရရှိသွားသည်။

ကာကွယ်

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းမှ ရဲမင်းအောင် ရိုက်ချက်ကို တရုတ်လူငယ် အသင်း ကာကွယ်စဉ်။

ဓာတ်ပုံ– စိုးညွန့် (ကြေးမုံ)

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းမှာ တစ်သင်းလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကစားနိုင်မှု၊ ဗဟိုကစားကွက်ကောင်းမှု၊ ဘယ်ညာ အနီးကပ်ရိုက်ချက်များ သေသပ်ပိရိမှုတို့ကြောင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ပထမပွဲငယ်တွင် နိုင်ငံတကာပွဲနှင့် အနည်းငယ်ဝေးကွာနေ၍ ကစားသမားများ ကစားကွက်နှင့်အံဝင်မှု အနည်းငယ်လိုခဲ့သော်လည်း နောက်ပွဲငယ်များတွင် ကစားကွက်နှင့် အံဝင်လာပြီး အစွမ်းပြနိုင်ခဲ့၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။ တရုတ်လူငယ်အသင်း အရပ်အမောင်းကောင်းသော်လည်း ဆုံးဖြတ်ချက် မရဲခြင်း၊ ခုခံဆယ်မခြင်း၊ ပိတ်ဆို့ကာကွယ်ခြင်းအပိုင်းများတွင် အားနည်းနေ၍ ပွဲငယ်နှစ်ပွဲတိုင် ဦးဆောင်အနိုင်ရနေပြီးမှ အရှုံးပေးလိုက်ရခြင်း ဖြစ်သည်။

ပွဲအပြီးတွင် အနိုင်ရရှိသွားသော မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ဂုဏ်ပြုဆုငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

ပြောကြား

ပွဲအပြီးတွင် ကြေးမုံက မြန်မာဘော်လီဘောအသင်း နည်းပြချုပ် ဦးစိုးသိမ်းအား ယနေ့ပွဲနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ ဦးစိုးသိမ်းက "မိမိတို့အသင်းအစမှာ ကလေးတွေ နိုင်ငံတကာပွဲ ပြတ်နေ၍ ကစားကွက်နှင့် အံဝင်မှု သိပ်မရှိခဲ့ကြောင်း၊ လူငယ်တွေကို စမ်းသုံးနေသည်ကလည်း ပါကြောင်း၊ နောက်ပွဲများမှ လူထည့်တာမှန်ပြီး ကစားကွက် မိသွားခဲ့ကြောင်း၊ တရုတ်လူငယ်အသင်းမှာ အာရှလူငယ်များမှ ထိပ်သီးသုံးသင်းစာရင်းဝင်ဖြစ်သောကြောင့် ထိုအသင်းနှင့် ကစားရ၍အတွေ့အကြုံကောင်းများ ရရှိကြောင်း၊ တရုတ်အသင်းမှာ အရပ်အမောင်းကောင်းသော်လည်း ဆုံးဖြတ်ချက်မရဲတာကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်လူငယ်အသင်းမှာ ယမန်နှစ်က မိမိတို့ဆီကို လာကစားသွားသောအသင်းမှ လေးဦး ပါဝင်လာကြောင်း၊ မိမိတို့အသင်းက ရိုက်ခုတ်သူကို ပုံသေမထားခဲ့ကြောင်း၊ ရဲမင်းအောင်က ဟန်ပြရိုက်ပြီး ကျော်စွာဝင်းကလည်း တက်ရိုက်ခဲ့ကြောင်း၊ ထို့ကြောင့် တရုတ်အသင်း ထိန်းရခက်ကာ ရှုံးခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ပွဲတွင် အနိုင်ရအောင် ဆက်ကြိုးစားသွားမှာဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာ–တရုတ် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲများကို စက်တင်ဘာ ၉ရက်(ယနေ့)နှင့် စက်တင်ဘာ ၁၂ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၄နာရီ၌ စတင်ကျင်းပမည်ဟု သိရသည်။

ပြိုင်ပွဲတွင် မြန်မာဘော်လီဘောအသင်း၌ ရဲမြင့်၊ ကျော်စွာဝင်း၊ ရဲမင်းအောင်၊ ကျော်စိုးအောင်၊ မျိုးထက်ညွန့်၊ တင်ဝင်းအောင်၊ လစ်ဗရိုကစားသမားအဖြစ် ဇောသိန်းသူက ကစားသည်။ ကျော်ဆွေ၊ ကျော်ဇင်ဝင်းထွဋ်တို့ လူစားဝင်ကစားခဲ့ကြသည်။ **(ကြေးမုံ)**

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ် (ဘတ်စ်ကား)များအား ထိရောက်စွာ အရေးယူ ဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ကိုယ်ပိုင်ယာဉ်၊ ဌာနဆိုင်ရာယာဉ်နှင့် တက္ကစီအငှားယာဉ်များ၏ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုမှာ လျော့နည်းကျဆင်းလာမှုမရှိသေးကြောင်းတွေ့ရှိရပါသည်။ သို့ပါ၍ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုမဖြစ်စေရန် သတိပြု မောင်းနှင်ကြပါရန်နှင့် ဖြစ်ပွားပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်တော့မည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်ခြည်နှင့်လက်ရွေးစင်ဆောင်းပါးများကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုလိုသူများအတွက် စီစဉ်ထုတ်ဝေလိုက်သည်–

Daw Suu Kyi, NLD Party and Our Ray of Hope

and selected Articles



Now in circulation

The News and Periodicals Enterprise

☎ 294306

ဖွံ့ဖြိုးဝေစည်မြန်မာပြည် (၁၉၈၈–၂၀၀၃) မကြာမီထွက်မည်

ပြန်ကြားရေးဝန်ကြီးဌာန၏ **ဖွံ့ဖြိုးဝေစည်မြန်မာပြည် (၁၉၈၈–၂၀၀၃)** စာအုပ်မကြာမီထွက်ရှိမည်ဖြစ်သည်။ ယင်းစာအုပ်၌ တစ်နိုင်ငံလုံးတွင် မြို့၊ ရွာနှင့် ကျေးလက်ဒေသ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုများ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသော လူမှုဖွံ့ဖြိုးတိုးတက်မှုများကို ဓာတ်ပုံများ၊ ကိန်းဂဏန်းများ၊ ပုံပြဂရပ်များ၊ ဇယားများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၏ ပညာဗဟုသုတ တိုးတက်မှုကို အထောက်အကူပြုစေမည့် စာအုပ်ဖြစ်သည်။

ရောင်းဈေး – ဂူးဖရီးစက္ကူဖြင့် ကျပ် ၈၅၀ ၊ နယူးစ်ပရင့်စက္ကူဖြင့် ကျပ် ၃၅၀

အပ်ချုပ်သင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၈

မဏိစန္ဒာ အပ်ချုပ်သင်တန်းကို ဆရာမကြီး ဒေါ်မြမြဝင်း ဦးဆောင်၍ ဆရာမများက ၂၂နှစ်တိုင် အောင်မြင်စွာ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ အိမ်အရောက် သီးသန့်သင်တန်းနှင့် ရုံးဝန်ထမ်းများအတွက် အထူးသင်တန်းများ စီစဉ်ထားသည်။ အသင့်ချုပ်၊ ညှပ်ပြီး ပုံဆန်းများကို (၁၀၄/၁၁၂) အနော်ရထာလမ်းတွင် ဝယ်ယူနိုင်ပြီဖြစ်ရာ အမှတ်(၆၅) အနော်ရထာလမ်း (အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်) ဖုန်း–၂၈၆၃၉၀ နှင့် ၂၈၉၀၇၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

စကားပြောနှင့် ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

Greatest Power နိုင်ငံခြားဘာသာစကားပြောနှင့် ကွန်ပျူတာသင်တန်းမှ ကြီးမှူး၍ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတလျံ၊ စပိန်၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ မလေးဘာသာ စကားပြောများနှင့် လက်တွေ့အသုံးချ ကွန်ပျူတာသင်တန်းများကို ကျွမ်းကျင်သော အတွေ့အကြုံရင့် ဆရာ/ဆရာမများ စုစည်းမှုဖြင့် လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။ စိတ်ပါဝင်စားသူများသည် Center-I အမှတ်(၅) ပထမထပ် ဖေယျာသီရိလမ်း (အာရှနေဘဏ်ဘေးလမ်း) လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း– ၅၃၇၂၃၁နှင့် Center-II အမှတ်–၁၁၇ (တ–ထပ်) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း–၃၇၀၂၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြလွန်းချို
နှစ်ပတ်လှ

ဒေါ်သက်ကီ (JACOB) ဦးစီးဖွင့်လှစ်သော
SPS ရွှေပြည်စိုး
ရတနာရွှေဆိုင်
၉-၉-၂၀၀၃ ရက်နေ့ဆိုင်ဖွင့်ပါမည်။

သီရိရဲမောင်မောင်
အကောင်းဆုံးတေးများ
MTV VCD KARAOKE

(Looking forward to see you there !)

၁၀-၉-၂၀၀၃ရက်နေ့မှာ ဆုံမယ်လေ
မမေ့နဲ့နော်. . . .

အာရှလူငယ် (ယူ-၁၇) ခြေစစ်ပွဲ မြန်မာပါဝင်မည် အားနည်းချက်များပြင်ဆင်ပြီး အစွမ်းကုန် လေ့ကျင့်နေ ယခုလအတွင်း နိုင်ငံတကာပွဲ ခြေစမ်းကစားရန် စီစဉ်ထား

သတင်းဆောင်းပါး - ညီညီစိုးညွန့်
ဓာတ်ပုံ - စိုးညွန့်(ကြေးမုံ)

လေ့ကျင့်ပေး

ပဏာမမြန်မာလူငယ် ဘောလုံးအသင်းအား နည်းပြဆရာ ဦးသန်းထိုက်က လေ့ကျင့်ပေးနေစဉ်။
[ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)]

ရန်ကုန် စက်တင်ဘာ ၈

အာရှလူငယ်(ယူ-၁၇) ခြေစစ်ပွဲများကို အောက်တိုဘာလ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲသို့ မြန်မာလူငယ်အသင်းလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရထားရာ လာအို လူငယ်အသင်း၊ မော်လဒိုက်လူငယ်အသင်းတို့နှင့်အတူ ခြေစစ်ပွဲဝင်ရမည်ဖြစ်သည်။

ကိုင်တွယ်လေ့ကျင့်

ထိုမြန်မာလူငယ်အသင်းသည် အာရှလူငယ်ခြေစစ်ပွဲယှဉ်ပြိုင်ရန်အတွက် ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှစ၍ အသင်းကို စခန်းသွင်းလေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ အသင်းကို သွေးသစ်မှ ကစားသမားများ၊ အဆင့်မြင့်တန်း ကလပ်များမှ လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းကာ လေ့ကျင့်ပေးနေခြင်းဖြစ်သည်။ ထိုအသင်းကို နည်းပြချုပ်အဖြစ် ဦးသန်းထိုက်၊ နည်းပြအဖြစ် ဦးတင်မျိုးအောင်တို့က ကိုင်တွယ်လေ့ကျင့်ပေးလျက်ရှိသည်။

လေ့ကျင့်ပြင်ဆင်

အာရှလူငယ်(ယူ-၁၇) ခြေစစ်ပွဲကို မြန်မာလူငယ်တို့ယမန်နှစ်ကလည်း အောင်မြင်ခဲ့ဖူးသည်။ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)အထိပင် ခြေဆန့်နိုင်ခဲ့ကြသည်။ မြန်မာလူငယ်အသင်းတို့သည် မြန်မာဘောလုံး လောက၏ တစ်ကျော့ပြန် ရွှေရောင်အောင်မြင်မှုများကို ရယူပေးနိုင်ခဲ့သော အသင်းများဖြစ်သည်။ ယခု မြန်မာ လူငယ်(ယူ-၁၇)အသင်းသည်လည်း ခြေစစ်ပွဲအောင်မြင်ရေးအတွက် အထူးလေ့ကျင့် ပြင်ဆင်လျက်ရှိကြသည်။ အာရှလူငယ်(ယူ-၁၇) ခြေစစ်ပွဲအတွက် ပြင်းပြင်းထန်ထန် ပြင်ဆင်လေ့ကျင့်နေကြသော မြန်မာလူငယ်အသင်း၏ အခြေအနေ၊ ပြင်ဆင်လေ့ကျင့်မှုများ၊ ခြေစစ်ပွဲတွင် တွေ့ဆုံမည့်အသင်းများအပေါ် အမြင်များကို သိရှိနိုင်ရန်အတွက် ကြေးမုံက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။ အသင်းနည်းပြချုပ် ဦးသန်းထိုက်က ပြန်လည်ရှင်းလင်းပြောကြားရာတွင် "အသင်းကို ယခုနှစ် ဇန်နဝါရီလမှစ၍ ကစားသမားများ စတင် ရွေးချယ်ဖွဲ့စည်းခဲ့ပါတယ်၊ စတင်ဖွဲ့စည်းချိန်မှာ ကစားသမား (၃၂)ယောက် ရှိပါတယ်။ ဒါပေမယ့် ကစားသမားနှစ်ယောက်ဟာ ဒဏ်ရာရ လို့ မိခင်ကလပ်ကို ပြန်ပို့လိုက်ရပြီး ရွေးချယ်ထားတဲ့ ထွန်းထွန်းအေးမှာလည်း (ယူ-၂၀)အသင်းက ခေါ်သွားလို့ လက်ရှိကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်နေပါတယ်။

မိမိတို့အသင်းဟာ လေ့ကျင့်မှု ရှစ်လလောက်ရှိနေပြီဖြစ်သော်လည်း ကစားသမားတွေ စာမေးပွဲတွေရှိနေတာရယ်၊ သင်္ကြန်တွင်း နားတာရယ်ကြောင့် ကစားသမားတွေ လေ့ကျင့်ထားတဲ့ လေ့ကျင့်မှုတွေ အနည်းငယ်ပျက်သွား၍

ဘောလုံးတော့နည်း လေ့ကျင့်

ပဏာမမြန်မာလူငယ်အသင်း အခြေခံ ဘောလုံးတော့နည်းများ လေ့ကျင့်နေစဉ်။
[ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)]

ကြံ့ခိုင်မှုအပိုင်း တိုးတက်ရန် အနည်းငယ်နှေးကွေးခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုကစားသမားတွေရဲ့ ကြံ့ခိုင်မှုအပိုင်း ဒေါင်ဒေါင်မြည် ကောင်းမွန်လာအောင် အထူးလေ့ကျင့်နေကြောင်း၊ အသင်းရဲ့ အားနည်းချက်ဖြစ်သော တိုက်စစ်မှူးတွေ အပြီးသတ်ဂိုးသွင်းမှုအပိုင်းတွေ၊ အလယ်တန်း ကစားသမားတွေဟာ ခံစစ်ကို ကူညီပံ့ပိုးတဲ့အပိုင်းတွေ၊ ခံစစ်ကနေ တိုက်စစ်အသွင်ကို ချက်ချင်းကူးပြောင်းတဲ့အခါ ဟာကွက်တွေကို အချိန်မီဖြည့်ဆည်းမပေးနိုင်တာတွေ၊ ဒီအားနည်းချက်တွေကလေးတွေ ကစားတတ်လာအောင်၊ သိမြင်လာအောင် ကျွန်တော်တို့က သေသေချာချာကို ပြုပြင်သင်ကြားပေးပါတယ်။

တိုက်စစ်အားနည်း

ပြည်တွင်းခြေစမ်းပွဲတွေ ကစားခဲ့သည့် ကျွန်တော့် အသင်းအခြေအနေကိုကြည့်ရလျှင် ကလေးတွေဟာ ကြိုးစားအားထုတ်မှုတွေ ကောင်းပါတယ်၊ ကိုယ့်ထက်သာသော အဆင့်မြင့်တန်းကလပ်များ၊ (ယူ-၁၈)အသင်းတို့နှင့် ခြေစမ်းကစားသောအခါ ခံစစ်ကို အလေးထားနိုင်အောင် သင်ကြား ပြသခဲ့ပါတယ်၊ ထို့ကြောင့် ခြေစမ်းပွဲတွေမှာ ခံစစ်အပိုင်း အားကောင်းခဲ့တာကို တွေ့ခဲ့ရပါတယ်၊ ဒါပေမယ့် တိုက်စစ်အပိုင်းတွေ အားနည်းတာကို တွေ့နေရပါတယ်၊ ဒီအားနည်းချက်တွေကိုလည်း ကလေးတွေ နားလည်အောင် ပြောပြပါတယ်။ ယခုလောလောဆယ် ခြေစမ်းပွဲကစားထားတာကတော့ အဆင့်မြင့်တန်းမှ ကလပ်အသင်း သုံးသင်း၊ (ယူ-၁၈) အသင်းနှင့် နှစ်ပွဲ၊ ပြည်နယ်နှင့် တိုင်းအသင်းများနှင့် ခြေစမ်းကစားခဲ့ပါတယ်၊ ပြည်ပအသင်းများနှင့်တော့ ခြေစမ်းပွဲများ မကစားရသေးပါဘူး၊ ခြေစမ်းပွဲရလဒ်တွေက ဆောက်လုပ်ရေးနှင့် သုံးဂိုးစီသရေ၊ ပြည်ထဲရေးကို လေးဂိုး-သုံးဂိုး၊ သစ်တောရေးရာကို လေးဂိုး-နှစ်ဂိုးနဲ့နိုင်ပါတယ်။ (ယူ-၁၈)နှင့် နှစ်ပွဲစလုံး နှစ်ဂိုးစီ သရေဖြစ်ပါတယ်။ ပြည်နယ်နှင့်တိုင်း အသင်းတွေကိုလည်း ဂိုးပြတ်တွေနဲ့နိုင်ပါတယ်။ ဇူလိုင်လတုန်းက အသင်းမှ အရန်ကစားသမား အများအပြားနှင့် အမာခံကစားသမားအချို့ကို ပေါင်းစပ်ပြီး ကူမဲဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ပထမဒိုင်းဆုကို ရရှိခဲ့ပါတယ်။ အဲဒီကူမဲ ဖိတ်ခေါ်ပြိုင်ပွဲမှာ မန်းရထား၊ မန်းစည်ပင်၊ စစ်ကိုင်း စသည့်အသင်းတွေ ပါဝင်ပါတယ်၊ အဲဒီအသင်းတွေမှာ တိုင်းလက်ရွေးစင်ဟောင်းတွေ ပါဝင်ကြပါတယ်။

အစွမ်းကုန်ပံ့ပိုး

မိမိတို့အသင်းအောင်မြင်လာရေးအတွက် အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အား/ကာညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက အစွမ်းကုန်ပံ့ပိုးပေးကြပါတယ်၊ တစ်နေ့လျှင် စားသောက်စရိတ်ကျပ် တစ်ထောင်၊ အင်အားဖြည့်စရိတ် ကျပ် ၅၀၀ နှုန်းဖြင့် ကျွေးမွေးပါတယ်။ လေ့ကျင့်ရေး ဝတ်စုံ၊ ဖိနပ်တွေလည်း ထုတ်ပေးပါတယ်၊ မိမိတို့အသင်းကို ထိုကဲ့သို့ အစွမ်းကုန်အားပေးနေ၍ မိမိတို့ဘက်ကလည်း အစွမ်းကုန် (အစွမ်းကုန်) ကြိုးစားသွားပါမယ်။ စက်တင်ဘာလတွင် နိုင်ငံတကာ ခြေစမ်းပွဲကစားရန် စီစဉ်ထားပါတယ်၊ ကလေးတွေအနေနှင့် နိုင်ငံတကာ အတွေ့အကြုံမရှိဘဲ ပြိုင်ပွဲယှဉ်ပြိုင်လျှင် ပင်ကိုအရည်အသွေးတွေ ပျောက်သွားမှာစိုးရပါတယ်၊ ဒါ့ကြောင့် ကစားဖို့ စီစဉ်ထားတာပါ၊ မိမိတို့ရှေ့က (ယူ-၁၈)အသင်းက အောင်မြင်မှုတွေရခဲ့ရာ မိမိတို့အသင်းကလည်း ထိုအောင်မြင်မှု လမ်းကြောင်းပေါ် လျှောက်နိုင်အောင် ကြိုးစားကစားသွားမယ်ဖြစ်ပါတယ်။

ကြိုးစားမည်

မိမိတို့ ခြေစစ်ပွဲအဖြစ် လာအို၊ မော်လဒိုက်တို့နှင့် ယှဉ်ပြိုင်ရမယ်ဖြစ်ပါတယ်။ တစ်သင်းသာ ခြေစစ်ပွဲအောင်မယ်ဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်ပါက နောက်နှစ်တွင် ဂျပန်နိုင်ငံမှာ ဆက်လက်ယှဉ်ပြိုင်ရမယ်ဖြစ်ပါတယ်။ (ယူ-၁၈) ပြိုင်ပွဲကစားခဲ့သည့် လာအို(ယူ-၁၈) အသင်းထက်တော့ ယခုတွေ့မယ့် လာအိုလူငယ်အသင်းဟာ ပို၍ကောင်းနိုင်မည်မဟုတ်ပါဘူး၊ မော်လဒိုက်အသင်းကတော့ အာရှတိုက်၏ မျက်နှာသစ် နိုင်ငံဖြစ်သောကြောင့် သူတို့ရဲ့ လူငယ်အသင်းအကြောင်းကို အသေအချာ မသိရသေးပါဘူး၊ သေချာတာက သူတို့ကလည်း ပြင်ဆင်လာမှာဖြစ်၍ ကိုယ့်ဘက်ကလည်း အကောင်းဆုံးဖြစ်အောင် အစွမ်းကုန် ကြိုးစားနေပါတယ်၊ ခြေစစ်ပွဲအောင်အောင် ကြိုးစားသွားမည် ဖြစ်ပါတယ်"ဟု၍ ပြောကြားသွားသည်။



ဂိုးသမားများ

အာရှလူငယ် (ယူ-၁၇) ခြေစစ်ပွဲအတွက် ပဏာမမြန်မာလူငယ်အသင်းမှ ဂိုးသမားများ လေ့ကျင့်နေစဉ်။ *[ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)]*

အာရှလူငယ်(ယူ-၁၇)ခြေစစ်ပွဲဝင်ရန်အတွက် မြန်မာလူငယ်အသင်းသည် ပဏာမကစားသမား ၂၉ ဦးကို ရွေးချယ် လေ့ကျင့်ပေးလျက်ရှိသည်။ ထိုကစားသမားအားလုံးသည် အဆင့်မြင့်တန်းကလပ်များမှ ကစားသမားများဖြစ်သည်။ တံခွန်အသင်းမှ ကိုးဦး၊ ပို့ဆောင်ရေးနှင့် သစ်တောရေးရာမှ လေးဦးစီ၊ မြို့တော်စည်ပင်နှင့် ပတ္တမြားနဂါးအသင်းမှ သုံးဦးစီ၊ ဘဏ္ဍာ/အခွန်၊ ဆောက်လုပ်ရေး၊ မလိခနှင့် စွမ်းအင်တို့မှ တစ်ဦးစီ ဖြစ်သည်။ နှစ်ဦးမှာ အသင်းမရှိသေးဘဲကမ်းလှမ်းထားဆဲဖြစ်သည်။

သူတင်ကိုယ်တင်ကစားနိုင်

မြန်မာလူငယ် (ယူ-၁၇)အသင်းသည် ၎င်းထက်ပညာ၊ သမ္မာသာသော (ယူ-၁၉)မြန်မာလူငယ်အသင်းနှင့် သုံးပွဲခြေစမ်းဖူးရာ သုံးပွဲစလုံး သရေဖြစ်ခဲ့ဖူးသည်။ သုံးပွဲစလုံး (ယူ-၁၉)အသင်းကို နင်လားငါလား သူတင်ကိုယ်တင်ကစားနိုင်ခဲ့သည်ကို တွေ့ရသည်။

အာရှလူငယ် (ယူ-၁၇)ခြေစစ်ပွဲအတွက် ပဏာမမြန်မာလူငယ်အသင်း ခေါင်းတိုက်လေ့ကျင့်နေစဉ်။
[ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)]

မြန်မာလူငယ်(ယူ-၁၇)အသင်းကစားပုံကို မြန်မာ့ဘောလုံးပရိသတ်များ ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲများလောက်သာ တွေ့ဖူးကြမည်ဖြစ်သည်။ ထို့ကြောင့် ပရိသတ်၏ မျက်နှာသစ်အသင်းဟု ခေါ်ဆိုနိုင်သော မြန်မာလူငယ်အသင်းအနေဖြင့် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာခြေစမ်းပွဲများနှင့် အာရှလူငယ် ခြေစစ်ပွဲတို့တွင် ပရိသတ်တို့၏ ရင်ထဲစွဲငြိသွားအောင် မည်သို့မည်ပုံ ကစားကြမည်ကို စောင့်မျှော် အကဲခတ်ကြပါဦးစို့။ ။

(ကြေးမုံ)

ဟားခါးမြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ အခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းဆင်းပွဲ ကျင်းပ

ဟားခါး စက်တင်ဘာ ၁

ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ အခြေခံသင်တန်းအမှတ်စဉ်(၂၂/၂၀၀၃)နှင့် အဆင့်မြင့် သင်တန်းအမှတ်စဉ်(၅/၂၀၀၃)သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၉နာရီက ဟားခါးမြို့ အဆိုပါ သင်တန်းကျောင်း၌ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ကျောင်းကြီးကြပ်ရေးကော်မတီဝင်များ၊ သင်တန်း ခေတ္တကျောင်းအုပ်နှင့် နည်းပြဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက အမှာစကားပြောကြားပြီးသင်တန်းသူများအား သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

စိုက်ပျိုးရေးလုပ်ငန်း ဝက်လက်၌ ညှိနှိုင်း

ဝက်လက် စက်တင်ဘာ ၁

ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး သန်းဟန်သည် ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ လိုက်ပါလျက် ဩဂုတ် ၂၅ ရက်နံနက်ပိုင်းက ဝက်လက်မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၀၃-၂၀၀၄ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် ကော်မတီဝင်များ၊ စိုက်ပျိုးရေးစခန်း နယ်မြေရှစ်ခုမှ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများ တက်ရောက်ကြပြီး မိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့် အခြားသီးနှံမျိုးစုံစိုက်ပျိုးရန် လျာထားဆောင်ရွက်ထားမှုများနှင့် စိုက်ပျိုးရေးရရှိမှု အခြေအနေများကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သုံးသပ် ဖြည့်ဆည်း ဆွေးနွေးမှာကြားသွားကြောင်း သိရသည်။ (၂၂၉)

ဆုချီးမြှင့်

မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၀ရက်က ယင်းမာခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် ပညာရေးမှူး ဦးအောင်မြို့က တက္ကသိုလ်ဝင်စာမေးပွဲ တစ်ပြည်လုံးတွင် အဆင့်(၄)ရ ခြောက်ဘာသာဂုဏ်ထူးရှင် မဇင်မာနိုင်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၃၀၇)

သာစည်မြို့တွင် ကျောက်ချောလမ်း ဖွင့်လှစ်

သာစည် စက်တင်ဘာ ၃

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ၍ ကျောက်ချောခင်းကျင်းပြီးစီးခဲ့သည့် လမ်းပေ အရှည် ၁၂၀၀၊ လမ်းအကျယ် ၁၂ ပေ၊ ထု ၁၂ လက်မရှိ ဇီဇဝါလမ်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက်နံနက် ၉ နာရီက အမှတ်(၇) ရပ်ကွက်အတွင်းရှိ အဆိုပါ လမ်းမကြီးတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က အမှာစကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်တွင် ဇီဇဝါလမ်း ကျောက်ချောလမ်းကို မြို့နယ်စည်ပင် သာယာအမှုဆောင်အရာရှိ ဦးလှသောင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးညွှန့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (၄၂၅)

ဟင်းခွက်အိုင်ကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်လွှဲအပ်

ကျောက်ပန်းတောင်း စက်တင်ဘာ ၃

ကျောက်ပန်းတောင်းမြို့နယ် ဟင်းခွက်အိုင်ကျေးရွာအုပ်စု ဟင်းခွက်အိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက်နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်တွင် ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို အလှူရှင်မိသားစုကိုယ်စား ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေနှင့် ကျောင်းအုပ်ဆရာကြီး ဦးတင်လေးမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အလှူရှင်များကိုယ်စား ဦးကျော်မြင့်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးတင်လှက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သစ်ကို ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ ဦးထွန်းဖေ-ဒေါ်ခင်မြင့်မိသားစု (အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးခင်ဦး-ဒေါ်သန်းသန်းမိသားစုနှင့် ရန်ကုန်မြို့နေ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ဆွေ-ဒေါက်တာဒေါ်တင်ဌေး မိသားစုတို့က စုပေါင်းလှူဒါန်းကြခြင်းဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့သာယာလှပရေး ပန်းအလှပင်စိုက်ပျိုး

ကျောက်ဆည် စက်တင်ဘာ ၂

ကျောက်ဆည်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ဩဂုတ်၂၄ရက်နံနက်က ကျောက်ဆည် ဆေးရုံပတ်လမ်း ဝဲယာတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးလေးလွင်နှင့် စည်ပင်သာယာ ဝန်ထမ်းများက နွယ်သာကီပင် ၃၀၀ စိုက်ပျိုးကြသည်။ (၂၂၂)

မော်လိုက်ခရိုင် ကောဒသမအကြိမ်(၁၁ကြိမ်) အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ

မော်လိုက် စက်တင်ဘာ ၂

မော်လိုက်ခရိုင် ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက်နံနက် ၁၁နာရီက ဖောင်းပြင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူး ခင်အောင်အေး တက်ရောက်၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

ဂုဏ်ပြုဆု

ဩဂုတ် ၃၁ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းလှုပ်ရှားမှု သတင်းနှင့်ဓာတ်ပုံများကို ကူညီရေးသားရိုက်ကူးပေးသော မြို့နယ်သတင်းထောက် ဦးထွဏ်းလှအောင်အား အထူးဂုဏ်ပြုဆုကိုကျောင်းအုပ်ဆရာကြီးဦးတင်စိုးက ချီးမြှင့်စဉ်။ (၃၈၇)

မြို့နယ် သတင်းများ

ကြီးကြပ်ဆောင်ရွက်

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ရက်က ရန်ကုန်-မန္တလေး (၆) လမ်းသွား လမ်းမကြီးဘေး ဝဲ/ယာတွင် ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်း၊ လမ်းလယ်ကျွန်း ပန်းအလှပင်များ ပြုပြင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် ဦးစီးအရာရှိ ဒေါ်ခင်အေးမြင့်ရီတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မကွေးတိုင်း ပေါက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဩဂုတ် ၁၃ရက်က သပွတ်စုကျေးရွာ၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးလှညွန့်က ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကြည်သို့ ပေးအပ်စဉ်။ (မြို့နယ်လဝက)

ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၈

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ကျောင်းတွင် လစဉ် ၁၀ ရက်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၀၅)ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ပုပ္ပား(၂)မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ L.L.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည် ဖြစ်သည်။ ယောဂီများအနေဖြင့် တော်သလင်း လပြည့်ကျော် ၃ ရက်၊ စက်တင်ဘာ ၁၃ရက် (စနေနေ့) ညနေ အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ယူရိုပါမှ အင်္ဂလိပ်စာ သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

Europainter National Education Academy မှ ကြီးမှူး၍ နိုင်ငံ့ဝန်ထမ်းများ၊ ပြင်ပမှ လေ့လာလိုသူများ၊ ဘွဲ့ကြိုဘွဲ့ရများအတွက် အင်္ဂလိပ်စာပေ ကျွမ်းကျင်စေရန် အင်္ဂလိပ်စာပေကျွမ်းကျင်မှု သင်တန်းများကို အဆင့်လေးဆင့်ခွဲ၍ (4 Skills)နှင့် အတူ ဖွင့်လှစ်လျက်ရှိရာ Pre-Intermediate Level တက်ရောက်ပြီးသူများအတွက် Intermediate Level အပတ်စဉ် ၅ နှင့်၆ တို့အား စက်တင်ဘာ ၁၃ ရက်နှင့် ၂၃ရက်တို့တွင် ရန်ကုန်မြို့၌လည်းကောင်း၊ အပတ်စဉ် ၆ နှင့် ၇ တို့အား စက်တင်ဘာ ၁၇ ရက်နှင့် ၂၀ ရက်တို့တွင် မန္တလေးမြို့၌ လည်းကောင်း အသီးသီး ဖွင့်လှစ်မည် ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် Business English သင်တန်းများအား ညနေပိုင်း (ရုံးလွတ်ချိန်)များတွင် ဖွင့်လှစ်မည် ဖြစ်ကြောင်းသိရသည်။

အသေးစိတ်သိလိုပါက Europainter National Education Academy အမှတ်၁၀၀၁၊ ၁၀ထပ်၊ သံဈေးကွန်ဒိုစင်တာ၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၂၈၉၇နှင့် ရတနာပုံအဆင့်မြင့်ဈေးသစ်ကြီး၊ ဒုတိယထပ်၊ အနောက်မြောက်ထောင့် ၇၈လမ်း၊ ၃၃x၃၄လမ်းကြား၊ မန္တလေး မြို့ဖုန်း-၀၂-၆၄၇၄၇ လိုင်းခွဲ၅၀၁၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်အဝေးသင်တက္ကသိုလ် ၂၀၀၃ ပညာသင်နှစ် ပထမအသုတ် စာစစ်ဌာနများ အစီအစဉ်ကြေညာ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၃ပညာသင်နှစ် ပထမအသုတ် အတန်းတင် စာမေးပွဲများကို ၂-၁၀-၂၀၀၃ရက်မှ ၈-၁၀-၂၀၀၃ရက်အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ် ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟသ္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ် တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူး ဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ စာစစ်ဌာနများတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်) ရန်ကုန်အဝေးသင်တက္ကသိုလ်၊ အရှေ့ပိုင်းဌာနခွဲ(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ အနောက်ပိုင်းဌာနခွဲ (ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်)နယ်တက္ကသိုလ် ဒီဂရီကောလိပ် အဝေးသင်ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသားအားလုံးသည် မိမိတို့နှင့်သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုကြရမည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများတွင် ကြေညာထားမည်ဖြစ်သည်။

(သတင်းစဉ်)



မောင်ထွန်းသူ၏ ဆိုင်းလတ်မာနာပြန်ချို

ရန်ကုန် စက်တင်ဘာ ၈

ကမ္ဘာကျော်စာရေးဆရာ George Eliof ၏ Silas Marner ကို မောင်ထွန်းသူ မြန်မာပြန်သည့် ဆိုင်းလတ်မာနာ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုကြီး ဒုတိယအကြိမ်အဖြစ် ငြိမ်းချမ်းစာအုပ်တိုက် အမှတ်(၅၊၆၊၇) ပြည်ထောင်စုလမ်း ၆၄ရပ်ကွက် စက်မှုဇုန်(၃) မြို့နယ် သ/မအရှေ့ တောင်ဒဂုံမြို့နယ်၊ ဖုန်း-၆၆၀၁၄၅ က ဖြန့်ချိသည်။**(အပေါ်ပုံ)** (က-ပ)

ဗုဒ္ဓနည်းနာမ်ရုပ် လေ့ကျင့်ရေး သင်တန်းတက်ရောက်

ရန်ကုန် စက်တင်ဘာ ၆

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ သာမဏောဓမ္မဗိမာန်တွင် စက်တင်ဘာ ၆ရက်မှ နိုဝင်ဘာ၉ရက် အထိ အပတ်စဉ် စနေနေ့၊ တနင်္ဂနွေနေ့တိုင်းညနေ ၃ နာရီမှ ၅ နာရီအထိ ဗုဒ္ဓဒေသနာသင်တန်းနှင့် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဗုဒ္ဓနည်းနာမ်ရုပ် လေ့ကျင့်ရေး ကိုးရက်အလုပ်စခန်း သင်တန်းကို ဗုဒ္ဓဒေသနာနှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့၏ ပဓာန နာယကကြီး ဆရာကြီးဦးဌေးအောင် (မိုးလေဝသ)က ဓမ္မဒါနပို့ချမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ဘောလုံးနည်းပြဟောင်း ဆရာကြီးဦးညိမ်းအား ဂါရဝပြု

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တက္ကသိုလ် အားကစားအရာရှိ မြန်မာ့လက်ရွေးစင်ဘောလုံးနည်းပြဆရာဟောင်း၊ တက္ကသိုလ်များဘောလုံးအသင်း နည်းပြဆရာဟောင်း ဆရာကြီးဦးညိမ်း၏ (၈၆)နှစ်မြောက် မွေးနေ့ပွဲနှင့် ဆရာကြီးဦးညိမ်းအား မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများ၊ တက္ကသိုလ်များ လက်ရွေးစင် ဘောလုံးသမားဟောင်းများနှင့် ဆရာကြီး၏တပည့်များမှ စုပေါင်းဂါရဝပြု ကန်တော့ပွဲ အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲက သထုံလမ်းရှိ ရန်ကုန်တက္ကသိုလ်များ ဗဟိုဘောလုံးကွင်းတွင် ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူး စီမံ(၂) ဦးဝင်းကိုနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်နှင့် ကောလိပ်များမှ အားကစား နည်းတာဝန်ခံနည်းပြများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများ၊ တက္ကသိုလ်များ လက်ရွေးစင် ဘောလုံးသမားဟောင်းများနှင့် ဆရာကြီး၏ တပည့်များ တက်ရောက်ကာ ဆရာကြီးဦးညိမ်းအား ဂါရဝပြု ကန်တော့ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဦးက ဆောင်ရွက်သည်။

ဩဝါဒစကား

အခမ်းအနားတွင် ရှေးဦးစွာ ဆရာကြီးဦးညိမ်းက ဩဝါဒစကား ပြောကြားသည်။

ဆက်လက်၍ ဆရာကြီးဦးညိမ်းအား တက်ရောက်လာသူများက ဂါရဝပြု ကန်တော့ကြပြီး တက်ရောက်လာသူများကိုယ်စား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က ကန်တော့ခံပစ္စည်းများနှင့် ကန်တော့ခံငွေကျပ် ၁၉၆၀၀၀ ကို ဂါရဝပြုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အပေါ်ပုံ)** (ကြေးမုံ)

အင်းစိန်အထက (၁)မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၆ ရက်က ရောခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်က ခြောက်ဘာသာဂုဏ်ထူးရှင် မခိုင်သစ္စာအား ပညာရည်ချွန်ဆုများ ချီးမြှင့်စဉ်။ (၆၀)

ကုမ္ပဏီလမ်းညွှန်စီးပွားရေး ပညာသင်တန်း ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

နိုင်ငံတော်က ချမှတ်ကျင့်သုံးလျက်ရှိသော စီးပွားရေးဦးတည်ချက်လေးရပ် အကောင်အထည်ဖော်ရာတွင် စီးပွားရေးအသိပညာရပ်များ တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်သို့ ဦးတည် ချီတက်ရာတွင် Knowledgebased Industry ဖြင့် တစ်တပ်တစ်အား ပါဝင်နိုင်စေရေး ရည်ရွယ်ချက်များဖြင့် ကုမ္ပဏီလမ်းညွှန် စီးပွားရေး ပညာ သုံးလသင်တန်းကို စက်တင်ဘာ ၁၂ ရက်မှစ၍ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်) ကိုယ်တိုင်သင်ကြားပို့ချပေးမည်ဟုသိရသည်။

တက်ရောက်လိုသူများသည် ကုမ္ပဏီလမ်းညွှန် အမှတ်(၂၇၆) (၃၉) လမ်းအထက် ကျောက်တံတားမြို့နယ် ဖုန်း-၂၄၂၅၈၃သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) CGA မှကြီးမှူး၍ (၁၅)ကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၂၀ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီ၌ အခန်း (၂၀၅) MICT Park (လှိုင်နယ်မြေ) တွင် ခင်မောင်ညို(ဘောဂဗေဒ)က A Survey of Capitalism ခေါင်းစဉ်ဖြင့် လွတ်လပ်စွာ ပိုင်ဆိုင်ခြင်း၊ လွတ်လပ်စွာ ယှဉ်ပြိုင်လုပ်ကိုင်နိုင်ခြင်း တို့ဖြင့် လွတ်လပ်စွာ အကျိုးခံစားခွင့်ရှိသည့် ဈေးကွက်ယန္တရား အခြေခံစီးပွားရေးစနစ်အား လေ့လာဆန်းစစ်ကာ ယနေ့နိုင်ငံတကာ စီးပွားရေး အခြေအနေများအပေါ် သုံးသပ်ချက်များအား ဟောပြော ဆွေးနွေးမည်ဖြစ်သည်။

အသင်းရုံးအမှတ် ၃၇/၄၁၊ လမ်း ၅၀(အောက်)၊ ဖုန်း-၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးကြည်သာစိုး ဖုန်း-၇၂၃၀၇၂၊ ဖုန်း-၂၈၆၈၉၄၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းအောင် ဖုန်း-၀၉ ၉၉ ၂၂၂၅၀ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အီလက်ထရွန်းနစ်သင်တန်းနှင့် လေအေးပေးစက်သင်တန်း

ရန်ကုန် စက်တင်ဘာ ၈

လူငယ်များအတွက် အီလက်ထရွန်းနစ်သင်တန်း (TV, VIDEO, VCD, DVD. Stallite) လေအေးပေးစက်၊ ရေခဲသေတ္တာနှင့် လက်တွေ့အသုံးချ လျှပ်စစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ အင်ဂျင်နီယာနှင့် စက်ပြင်ဆရာများ သိသင့်သော ဂျပန်စာများကို ဂျပန်ဘာသာဖြင့် ဘွဲ့ရထားသူများက သင်ကြားပေးလျက်ရှိသည်။ စိတ်ဝင်စားသူများသည် Cosmic Engineering Group Training and Service Centre အမှတ် (၃၁) ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း (ကျောက်မြောင်းဈေးမှတ်တိုင်အနီး) ဖုန်း-၅၄၉၈၉၇သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အီလက်ထရွန်းနစ် သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

